# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြ အဖြေများ

### အုပ်စု(၅).အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း



📖၂။ပဉ္စက.ဆက္က.သတ္တကနိပါတ📖

ဗဟန်း,မဟာဝိသုဒ္ဓါရုံ

✍အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

# ရန်ကုန်တိုင်းဒေသကြီး
# ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၅) အင်္ဂုတ္တရနိကာယ
# ပဉ္စက+ဆက္က+သတ္တကနိပါတ
# ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ (၁၉. ၆. ၂၀၁၃) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ စင်္ကြံသွားခြင်း၌ အကျိုးတရားများကို ရေးသား၍ မဝံ့မရဲ အိပ်မက်တွေနဲ့ သားသမီးတွေအပေါ် ထားရှိတဲ့ မိဘတိုင်းရဲ့ မျှော်လင့်ချက် ငါးမျိုးကိုလည်း ဖော်ပြခဲ့ပါ။

၂။ သီတင်းသုံးဖော်တို့ ချစ်ခင်မြတ်နိုး အားကိုးလောက်သည့် မထေရ်ကြီး၏ ဂုဏ်အင်္ဂါတို့ကို ရဇနီယသုတ်အရ ထုတ်ပြ၍၊ လတ်တလော ခေတ်စားနေသော “တရားဥပဒေစိုးမိုးရေး”ဟူသော ခေါင်းစဉ်အရ ဓမ္မကို အလေးဂရုပြုသော စကြဝတေးမင်း၏ စောင့်ရှောက်မှုပြုရမည့် အရာဌာနတို့ကိုလည်း ဖော်ပြခဲ့ပါ။

၃။ ဘ၀ကို ရာသီဥတုနဲ့ လောင်းကြေးထပ်ထားရသော တောင်သူလယ်သမားများ သိရှိထားသင့်သည့် မိုးမရွာခြင်း အကြောင်းပြချက်များကို ရေတွက်ပြ၍ ဓမ္မကို ဂီတဆန်ဆန် ရွတ်ဆိုသော ရဟန်း၏ အပြစ်များကိုလည်း အစဉ်တကျရေးသားပြပါ။

၄။ စကားများသော ပုဂ္ဂိုလ်၏ အပြစ်များကိုဖော်ပြ၍ သည်းခံတာကို အညံ့ခံတာလို့ ထင်နေသူများ သိရှိရန်အတွက် သည်းမခံခြင်း၏ အပြစ်များကိုလည်း ပထမအက္ခန္တိသုတ်လာအတိုင်း ရေးသားပြခဲ့ပါ။

၅။ အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရသင့်တဲ့ အရာဌာနများကို အနုဿတိဌာနသုတ်အရ ထုတ်ပြ၍၊ ဗုဒ္ဓ၏ခွန်အား “၆”မျိုးတို့တွင် အစ “၂”မျိုးကိုသာ သီဟနာဒသုတ်လာအတိုင်း ရေးသားပြခဲ့ပါ။

၆။ နေ့ရောညပါ ကုသိုလ်တရားတွေ ဆုတ်ယုတ်နေမည့်သူကို ရတ္တိဒိ၀သသုတ်လာအတိုင်းရေးသား၍၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရခြင်း၏ အကျိုးရလာဒ်တို့ကိုလည်း အာနိသံသသုတ် ထောက်ဆ၍ ကောက်ပြခဲ့ပါ။

၇။ ရန်သူမျိုးငါးပါး ဘေးရန်ကြောင့် ပူပန်စရာမလိုတဲ့ ကိုယ်ပိုင်ဥစ္စာများကို ဖော်ပြ၍၊ သံသရာရေအယဉ်၌ မြုပ်ပြီးရင်း မြုပ်နေမည့် ပုဂ္ဂိုလ်ကိုလည်း ဥဒကူပမသုတ်အတိုင်း ရေးသားပြခဲ့ပါ။

၈။ ရင်ဘက်တစ်ခုလုံးပုံအပ်ပြီး မှီ၀ဲသင့်လောက်တဲ့ အကောင်းစားမိတ်ဆွေတစ်ယောက်ရဲ့အင်္ဂါအချက်အလက်တို့ကို ပ၊ ဒု မိတ္တသုတ်လာအတိုင်း ပြည့်စုံစွာရေးသားပြခဲ့ပါ။

၉။ သမာဓိထူထောင်လိုသော ယောဂီသူတော်စင်တို့ သိထားအပ်သည့် သမာဓိ၏ အခြံအရံတရားများကို ရေးသား၍၊ ဘုရားရှင် မချီးမွမ်း၊ ချီးမွမ်းသော ရောနှောခြင်းတို့ကိုလည်း ပစလာယမာနသုတ်မှ ထုတ်နုတ်တင်ပြခဲ့ပါ။

၁၀။ အိမ်သူသက်ထား ဇနီးမယားအမျိုးအစားတို့ကို သိသာရုံမျှဖော်ပြ၍၊ အရှက်အကြောက် ကင်းမဲ့က ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်တို့ကိုလည်း ဟိရိဩတ္တပ္ပသုတ်အရ တင်ပြခဲ့ပါ။

တစ်ပုဒ်စာလျှင် (၁၀)မှတ်စီ

ဒေါက်တာခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

# ရန်ကုန်တိုင်းဒေသကြီး
# ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၅) အင်္ဂုတ္တရနိကာယ
# ပဉ္စက+ဆက္က+သတ္တကနိပါတ
# ပါဠိတော် မြန်မာပြန် အဖြေမှန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ (၁၉. ၆. ၂၀၁၃) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

**၁။ စင်္ကြံသွားခြင်း အကျိုးအာနိသင် ငါးမျိုး**

၁။ ခရီးရှည် သွားနိုင်ခြင်း၊ ၂။ ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်နိုင်ခြင်း၊ ၃။ အနာရောဂါ ကင်းခြင်း၊
၄။ စားသော ခဲလျက်အပ်သော အစာအာဟာရတို့ ကောင်းစွာ ကြေကျက်နိုင်ခြင်း၊
၅။ စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော သမာဓိသည် ကြာမြင့်စွာ တည်တံ့နိုင်ခြင်းတို့ ဖြစ်ပါသည်။

[ဒု၊မြန်၊၃၂။] (၅-မှတ်)

**မျှော်လင့်ချက် ငါးမျိုး**

၁။ ငါတို့မွေးမြူထားအပ်သော သားသမီးသည် ငါတို့အား လုပ်ကျွေး မွေးမြူပေလိမ့်မည်၊
၂။ ငါတို့၏ အမှုကိစ္စကို ပြုလုပ်ပေလိမ့်မည်၊
၃။ အမျိုးအဆက်သည် ရှည်မြင့်စွာ တည်ပေလိမ့်မည်၊
၄။ အမွေခံ ဖြစ်ပေလိမ့်မည်၊
၅။ ဘဝတစ်ပါးသို့ ပြောင်းသွားသော ငါတို့အား အလှူ၏ အဖို့ကို ပေးစေကြလိမ့်မည်ဟု မျှော်လင့်ကြပါသည်။ [ဒု၊မြန်၊၄၇။] (၅-မှတ်)

**၂။ မထေရ်ကြီး၏ ဂုဏ်အင်္ဂါ (၅) ချက်**

၁။ စွဲမက်ဖွယ် အာရုံ၌ မစွဲမက်ခြင်း၊
၂။ ပြစ်မှားဖွယ် အာရုံ၌ မပြစ်မှားခြင်း၊
၃။ တွေဝေဖွယ် အာရုံ၌ မတွေဝေခြင်း၊
၄။ အမျက်ထွက်ဖွယ် အာရုံ၌ အမျက်မထွက်ခြင်း၊
၅။ ယစ်မူးဖွယ် အာရုံ၌ မယစ်မူးခြင်းတို့ ဖြစ်ပါသည်။ [ဒု၊မြန်၊၁၁၇-၁၁၈။] (၅-မှတ်)

**စောင့်ရှောက်မှု ပြုရမည့် အရာဌာနများ**

၁။ နန်းတွင်းသူ နန်းတွင်းသား (မိဖုရား သားတော် သမီးတော်)
၂။ အဘိသိက်သွန်းပြီးသော မင်း၊ ၃။ အဘိသိက် မသွန်းရသေးသော အရံမင်း၊ (၄) စစ်သည် ဗိုလ်ပါ၊
၅။ ပုဏ္ဏားနှင့် အမျိုးသား၊ ၆။ နိဂုံးဇနပုဒ်သား၊ ၇။ သမဏ ဗြာဟ္မဏ၊ (၈) သားငှက်တို့ ဖြစ်ပါသည်။

[ဒု၊မြန်၊၁၆၅။] (၅-မှတ်)

၃။ မိုးမရွာခြင်း အကြောင်းပြချက် ငါးမျိုး

၁။ အထက်ကောင်းကင်၌ တေဇောဓာတ် ပျက်စီး ဖောက်ပြန်ခြင်း၊

၂။ အထက်ကောင်းကင်၌ ဝါယောဓာတ် ပျက်စီး ဖောက်ပြန်ခြင်း၊

၃။ ရာဟုအသူရိန်သည် လက်ဖြင့် မိုးရေကို ခံပြီးလျှင် သမုဒ္ဒရာ၌ စွန့်ပစ်ခြင်း၊

၄။ မိုးတိမ် ဝဿဝလာဟကနတ်တို့ မေ့လျော့ခြင်း၊

၅။ လူတို့ တရားမစောင့်ခြင်းတို့ ဖြစ်ပါသည်။ [ဒုံ၊မြန်၊၂၆၆-၂၆၇။] (၅-မှတ်)

ဓမ္မကို ဂီတဆန်ဆန် ရွတ်ဆိုသော ရဟန်း၌ အပြစ်ငါးပါး

၁။ မိမိကိုယ်တိုင် ထိုအသံ၌ စွဲမက်ခြင်း၊

၂။ သူတစ်ပါးတို့လည်း ထိုအသံ၌ စွဲမက်ခြင်း၊

၃။ ငါတို့ သီချင်းဆိုသကဲ့သို့ သာကီဝင်မင်းသား ဘုရားသားတော်ရဟန်းတို့လည်း သီချင်းဆိုကုန်၏ဟု လူဒါယကာတို့ ကဲ့ရဲ့ခြင်း၊

၄။ အသံပြုပြင်ခြင်းကို အလိုရှိသော ရဟန်းအား သမာဓိပျက်စီးခြင်း၊

၅။ နောင်လာနောက်သားတို့ အတုလိုက်ခြင်းတို့ ဖြစ်ပါသည်။ [ဒုံ၊မြန်၊၂၇၆။] (၅-မှတ်)

၄။ စကားများသော ပုဂ္ဂိုလ်၏အပြစ် ငါးပါး

၁။ မဟုတ်မမှန်သည်ကို ပြောမိတတ်ခြင်း၊ ၂။ ကုန်းစကားကို ပြောမိတတ်ခြင်း၊

၃။ ကြမ်းတမ်းသော စကားကို ပြောမိတတ်ခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို ပြောမိတတ်ခြင်း၊

၅။ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ရခြင်းတို့ ဖြစ်ပါသည်။ [ဒုံ၊မြန်၊၂၇၉-၂၈၀။] (၅-မှတ်)

သည်းမခံခြင်းအပြစ် ငါးမျိုး

၁။ လူအများ မချစ်ခင် မနှစ်သက်ခြင်း၊ ၂။ ရန်များခြင်း၊ ၃။ အပြစ်များခြင်း၊

၄။ တွေဝေလျက် သေရခြင်း၊ ၅။ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ ရောက်ရခြင်းတို့ ဖြစ်ပါသည်။ [ဒုံ၊မြန်၊၂၈၀။] (၅-မှတ်)

၅။ အဖန်ဖန် အထပ်ထပ် အောက်မေ့ အမှတ်ရသင့်သည့် အရာဌာန ၆-မျိုး

၁။ ဘုရားဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရခြင်း၊

၂။ တရားဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရခြင်း၊

၃။ သံဃာ့ဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရခြင်း၊

၄။ သီလဂုဏ်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရခြင်း၊

၅။ စွန့်ကြဲပေးကမ်းခြင်းဂုဏ်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရခြင်း၊

၆။ နတ်တို့၏ သဒ္ဓါစသော ဂုဏ်နှင့် တူမျှသော မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့ အမှတ်ရခြင်းတို့ ဖြစ်ပါသည်။ [ဒုံ၊မြန်၊၃၂၆။] (၅-မှတ်)

ခွန်အား ခြောက်မျိုးတွင် အစ ၂ မျိုး

၁။ အကြောင်းဟုတ်သည်ကို အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကို အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိခြင်း၊

၂။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံတို့၏အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား သိတော်မူခြင်းတို့ ဖြစ်ပါသည်။

[ဒု၊မြန်၊၄၅၈-၄၅၉။] (၅-မှတ်)

၆။ နေ့ရောညပါ ကုသိုလ်တရား ဆုတ်ယုတ်နေမည့်ရဟန်း

၁။ အလိုရမ္မက်ကြီးမား ပင်ပန်းခြင်းရှိ၍ ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် မရောင့်ရဲနိုင်ခြင်း၊

၂။ ယုံကြည်မှု သဒ္ဓါ မရှိခြင်း၊ ၃။ သီလမရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သတိလွတ်ခြင်း၊ ၆။ ပညာမဲ့ခြင်း ဟူသော တရားခြောက်မျိုးနှင့် ပြည့်စုံသော ရဟန်း ဖြစ်ပါသည်။ [ဒု၊မြန်၊၄၇၇။] (၃-မှတ်)

သောတာပတ္တိဖိုလ်ကို မျက်မှောက်ရခြင်းအကျိုး ခြောက်ပါး

၁။ သူတော်ကောင်းတရား၌ မြဲခြင်း၊ ၂။ မဆုတ်ယုတ်သော သဘောရှိခြင်း၊ ၃။ ထိုသောတာပန်ပုဂ္ဂိုလ်၏ ဆင်းရဲသည့်အပိုင်းအခြားကို ပြုပြီး ဖြစ်ခြင်း၊ ၄။ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဉာဏ်ရှိခြင်း၊ ၅။ အကြောင်းကို ကောင်းစွာ မြင်ခြင်း၊ ၆။ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့ကို ကောင်းစွာ မြင်ခြင်းတို့ ဖြစ်ပါသည်။ [ဒု၊မြန်၊၄၈၅။] (၅-မှတ်)

၇။ ရန်သူမျိုးငါးပါး ဘေးရန်ကြောင့် ပူပန်စရာမလိုတဲ့ ကိုယ်ပိုင်ဥစ္စာ

၁။ ယုံကြည်မှု သဒ္ဓါဥစ္စာ၊ ၂။ စောင့်ထိန်းမှု သီလဥစ္စာ၊ ၃။ ရှက်မှု ဟိရီဥစ္စာ၊ ၄။ ကြောက်လန့်မှု ဩတ္တပ္ပဥစ္စာ၊ ၅။ အကြားအမြင် သုတဥစ္စာ၊ ၆။ စွန့်ကြဲမှု စာဂဥစ္စာ၊ ၇။ သိမှု ပညာဥစ္စာတို့ ဖြစ်ကြပါသည်။ [ဒု၊မြန်၊၅၀၆။] (၇-မှတ်)

သံသရာရေအယာဉ်၌ မြုပ်ပြီးရင်း မြုပ်နေမည့်ပုဂ္ဂိုလ်

စင်စစ် မည်းညစ်ကုန်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံသောသူ ဖြစ်ပါသည်။ [ဒု၊မြန်၊၅၁၁။]

(၃-မှတ်)

၈။ အကောင်းစားမိတ်ဆွေရဲ့ အင်္ဂါ အချက်အလက်

၁။ ပေးနိုင်ခဲသော အရာဝတ္ထုကို ပေးတတ်ခြင်း၊ ၂။ ပြုနိုင်ခဲသော အမှုကို ပြုပေးနိုင်ခြင်း၊

၃။ သည်းခံနိုင်ခဲသော အရာကို သည်းခံခြင်း၊ ၄။ မိမိလျှို့ဝှက်အပ်သော အရာကို အဆွေခင်ပွန်းအား ထင်စွာ ပြုတတ်ခြင်း၊ ၅။ အဆွေခင်ပွန်း လျှို့ဝှက်အပ်သော အရာကို လျှို့ဝှက်ပေးခြင်း၊

၆။ ဘေးရန်တို့ကြောင့် မစွန့်ပစ်ခြင်း၊ ၇။ ပစ္စည်းဥစ္စာ ကုန်ခမ်းခြင်းကြောင့် မထီမဲ့မြင် မပြုခြင်း။ [ပထမမိတ္တသုတ်အလို]

၁။ ချစ်လည်း ချစ်ထိုက်ခြင်း၊ ၂။ မြတ်နိုးလည်း မြတ်နိုးထိုက်ခြင်း၊ ၃။ အလေးအမြတ်လည်း ပြုထိုက်ခြင်း၊

၄။ နှလုံးကိုလည်း ပွားစေတတ်ခြင်း၊ ၅။ သူတစ်ပါးကို ဆုံးမတတ်-သူတစ်ပါးတို့ ဆုံးမသည်ကို ခံနိုင်ခြင်း၊

၆။ နက်နဲသော တရားစကားကို ပြောဆိုတတ်ခြင်း၊ ၇။ အရာဌာနမဟုတ်သည်၌ မယှဉ်စေတတ်၊ [မတိုက်တွန်းတတ်]ခြင်းတို့ ဖြစ်ပါသည်။ [ဒုတိယမိတ္တသုတ်အလို][ဒု၊မြန်၊၅၃၂-၅၃၃။] (၅-မှတ်)

၉။ **သမာဓိ၏ အခြံအရံတရားများ**

၁။ မှန်ကန်စွာ သိမြင်မှု သမ္မာဒိဋ္ဌိ၊

၂။ မှန်ကန်စွာ ကြံစည်မှု သမ္မာသင်္ကပ္ပ၊

၃။ မှန်ကန်စွာ ပြောဆိုမှု သမ္မာဝါစာ၊

၄။ မှန်ကန်စွာ ပြုလုပ်မှု သမ္မာကမ္မန္တ၊

၅။ မှန်ကန်စွာ အသက်မွေးမှု သမ္မာအာဇီဝ၊

၆။ မှန်ကန်စွာ အားထုတ်မှု သမ္မာဝါယာမ၊

၇။ မှန်ကန်စွာ အောက်မေ့မှု သမ္မာသတိတို့ ဖြစ်ပါသည်။ [ဒု၊မြန်၊၅၄၁။] (၅-မှတ်)

**ဘုရားရှင် မချီးမွမ်းသော ရောနှောခြင်း**

လူ ရဟန်းတို့နှင့် ဆက်ဆံ ရောနှောမှုကို မချီးမွမ်းပါ။ (၂-မှတ်)

**ဘုရားရှင် ချီးမွမ်းသော ရောနှောခြင်း**

အသံနည်း၊ ပြည်ရွာတွန်သံမရှိ၊ လူတို့၏ အငွေ့အသက်ကင်း၊ လူတို့လျှို့ဝှက်ကို ပြုခြင်းငှာထိုက်၊ တစ်ယောက်တည်း ကိန်းအောင်းခြင်းငှာ လျော်သော သဘောရှိသော ကျောင်းတို့နှင့် ဆက်ဆံ ရောနှောခြင်းကို ချီးမွမ်းပါသည်။ [ဒု၊မြန်၊၅၈၄။] (၃-မှတ်)

၁၀။ **ဇနီးမယား အမျိုးအစား ၇ မျိုး**

၁။ သူသတ်နှင့်တူသော မယား၊ ၂။ ခိုးသူနှင့်တူသော မယား၊ ၃။ အရှင်နှင့်တူသော မယား၊

၄။ အမိနှင့်တူသော မယား၊ ၅။ နှမနှင့်တူသော မယား၊ ၆။ အဆွေခင်ပွန်းနှင့်တူသော မယား၊

၇။ ကျွန်မနှင့်တူသော မယားတို့ ဖြစ်ပါသည်။ [ဒု၊မြန်၊၅၈၇။] (၅-မှတ်)

**အရှက် အကြောက်ကင်းမဲ့က ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်**

အရှက်အကြောက်ကင်းမဲ့သော သူအား

၁။ ဣန္ဒြိယသံဝရသီလ ပျက်စီးခြင်း၊ ၂။ ပါတိမောက္ခသံဝရသီလ ပျက်စီးခြင်း၊

၃။ သမ္မာသမာဓိ ပျက်စီးခြင်း၊ ၄။ ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင် ပျက်စီးခြင်း၊

၅။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ် ဝဋ်ဆင်းရဲ၌တပ်ခြင်းကင်းသော ဝိရာဂဉာဏ် ပျက်စီးခြင်း၊

၆။ အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် ပျက်စီးခြင်းဟူသော အကျိုးဆက်တို့ ဖြစ်ပေါ်လာနိုင်ပါသည်။ [ဒု၊မြန်၊၅၉၃။] (၅-မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
အုပ်စု (၅) အင်္ဂုတ္တရနိကာယ
ပဉ္စက+ဆက္က+သတ္တကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း
၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၂) ရက်၊ (၃၀. ၅. ၂၀၁၄) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

## မေးခွန်းနှင့် အဖြေ

၁။ မြတ်ဗုဒ္ဓသာသနာတော်ဝယ် သေနေသူများအဖြစ် သတ်မှတ်ခံရသော ပုဂ္ဂိုလ်များကို စဝနသုတ်နှင့်အညီ ဖော်ပြ၍၊ ရွှေ၏ ညစ်ငြူးကြောင်းအရာနှင့် စိတ်၏ညစ်ငြူးကြောင်း တရားများကိုလည်း တင်ပြခဲ့ပါ။

ဖြေ။ သေနေသူများအဖြစ် သတ်မှတ်ခံရသော ပုဂ္ဂိုလ်များ
ယုံကြည်မှု သဒ္ဓါမရှိသော ရဟန်း (ပုဂ္ဂိုလ်)
ရှက်မှု - ဟိရီမရှိသော ရဟန်း (ပုဂ္ဂိုလ်)
ကြောက်လန့်မှု - ဩတ္တပ္ပမရှိသော ရဟန်း (ပုဂ္ဂိုလ်)
ပျင်းရိသော ရဟန်း
သိမှု ပညာမရှိသော ရဟန်း (ပုဂ္ဂိုလ်)။ (၄-မှတ်) (ပါ၊နှာ-၆၊ မြန်၊နှာ-၇-၈။)

ရွှေညစ်ငြူးကြောင်းများ
သံ ကြေး သလွဲစင်(ခဲမဖြူ)၊ သလွဲမည်း(ခဲပုပ်)ငွေ။ (၂-မှတ်) (ပါ၊နှာ-၁၃၊ မြန်၊နှာ-၁၉။)

စိတ်ညစ်ငြူးကြောင်းများ
ကာမဂုဏ်ကို လိုလားမှု - ကာမစ္ဆန္ဒ
ပျက်စီးစေလိုမှု - ဗျာပါဒ
လေးလံထိုင်းမှိုင်းမှု - ထိနမိဒ္ဓ
ပျံ့လွင့်မှု နောင်တပူပန်မှု - ဥဒ္ဓစ္စကုက္ကုစ္စ
မဝေခွဲနိုင်မှု - ဝိစိကိစ္ဆာ။ (၄-မှတ်) (ပါ၊နှာ-၁၄၊ မြန်၊နှာ-၁၉။)

## မေးခွန်းနှင့် အဖြေ

၂။"ဒါန(လှူဒါန်းမှု)က သတ္တဝါတွေကို ခွဲခြားထားတယ်"ဟု ဆိုကြရာ ဒါနရှိသူ/မရှိသူ လူသားနှင့် ရဟန်းတော်တို့၏ ထူးခြားဟန်ကို သုမနသုတ်နှင့် အညီ ရေးသားပြခဲ့ပါ။

ဖြေ။ ဒါနရှိသူ လူသားက ဒါနမရှိသူ လူသားအား

လူ၌ဖြစ်သော အသက်

လူ၌ဖြစ်သော အဆင်း

လူ၌ဖြစ်သော ချမ်းသာ

လူ၌ဖြစ်သော အခြံအရံ (အကျော်အစော)

လူ၌ဖြစ်သော အစိုးရခြင်းဟူသော အကြောင်းငါးမျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏။

(၄-မှတ်) (ပါ၊နှာ-၂၇၊ မြန်၊နှာ-၃၆။)

ဒါနရှိသူ ရဟန်းတော်က ဒါနမရှိသူ ရဟန်းတော်အား -

(အလှူခံတော်မူပါ-ဟု) တောင်းပန်ခံရသည်ဖြစ်၍သာလျှင် (အလှူခံတော်မူပါဟု) တောင်းပန်ခံရသည်ဖြစ်၍သာလျှင် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းကို သုံးဆောင်ရသည်က များ၏၊ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

အတူတကွ နေထိုင်ကြသော သီတင်းသုံးဖော်တို့သည် ထိုပေးလှူတတ်သော ရဟန်းအား နှစ်ခြိုက်ဖွယ် ကိုယ်အမူအရာဖြင့်သာ ပြုမူကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် ကိုယ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း။ နှစ်ခြိုက်ဖွယ် နှုတ်အမူအရာဖြင့်သာ ပြုမူကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် နှုတ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း၊ နှစ်ခြိုက်ဖွယ် စိတ်အမူအရာဖြင့်သာ ပြုမူကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် စိတ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း၊ နှစ်ခြိုက်ဖွယ် ပူဇော်မှုကို ပူဇော်ကြသည်က များ၏၊ မနှစ်ခြိုက်ဖွယ် ပူဇော်မှုကို ပူဇော်ကြသည်ကား အနည်းငယ်သာတည်း။

(၆-မှတ်) (ပါ၊နှာ-၂၇၊ မြန်၊နှာ-၃၆။)

## မေးခွန်းနှင့် အဖြေ

၃။ သတ္တဝါတို့၏ ပညာကို အားနည်းအောင် ပြုတတ်သော တရားတို့ကို ဖော်ပြ၍၊ ၎င်းတရားတို့ကို ပယ်ခြင်း/ မပယ်ခြင်းကြောင့် ရနိုင်သော အကျိုးတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပညာအားနည်းအောင် ပြုတတ်သော တရား

ကာမဂုဏ်၌ လိုလားမှု - ကာမစ္ဆန္ဒ

ပျက်စီးစေလိုမှု - ဗျာပါဒ

လေးလံထိုင်းမှိုင်းမှု - ထိနမိဒ္ဓ

ပျံ့လွင့်မှု နောင်တပူပန်မှု - ဥဒ္ဓစ္စကုက္ကုစ္စ

မဝေခွဲနိုင်မှု - ဝိစိကိစ္ဆာ။ (၄-မှတ်) (ပါ၊နှာ-၅၆၊ မြန်၊နှာ-၆၉။)

၎င်းတရားတို့ကို မပယ်ခြင်းကြောင့် ရနိုင်သောအကျိုး

မိမိ၏ အကျိုးတရားကို မသိခြင်း

သူတစ်ပါး၏ အကျိုးတရားကို မသိခြင်း

မိမိသူတစ်ပါးနှစ်ဦးသားတို့၏ အကျိုးတရားကို မသိခြင်း၊

လူတို့၏ (ကုသိုလ်ကမ္မပထ)တရားထက် လွန်မြတ်သော (ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော) မြတ်သော ဉာဏ်အမြင်ထူးကို မျက်မှောက် မပြုနိုင်ခြင်း။ (၃-မှတ်) (ပါ၊နှာ-၅၆၊ မြန်၊နှာ-၉၆။)

ပယ်ခြင်းကြောင့် ရနိုင်သောအကျိုး

မိမိ၏ အကျိုးတရားကို သိခြင်း

သူတစ်ပါး၏ အကျိုးတရားကို သိခြင်း

မိမိ သူတစ်ပါးနှစ်ဦးသားတို့၏ အကျိုးတရားကို သိခြင်း။

လူတို့၏ (ကုသိုလ်ကမ္မပထ)တရားထက် လွန်မြတ်သော (ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော) မြတ်သော ဉာဏ်အမြင်ထူးကို မျက်မှောက် ပြုနိုင်ခြင်း။ (၃-မှတ်) (ပါ၊နှာ-၅၇၊ မြန်၊နှာ-၇၀။)

## မေးခွန်းနှင့် အဖြေ

၄။ ညဥ့်အခါ အချိန်အနည်းငယ်သာ အိပ်ပျော်ကြသော ပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ ရေးပြ၍၊ ရန်ငြိုးပယ်ခြင်း အကြောင်း တရား ၅-ပါးကိုလည်း ပဉ္စမ အာဃာတပဋိဝိနယသုတ်နှင့်အညီ ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ဤသူငါးမျိုးတို့သည် ညဥ့်၌ အနည်းငယ် အိပ်ကုန်၏၊ များစွာ နိုးကြားကုန်၏။

အဘယ်ငါးမျိုးတို့နည်းဟူမူ -

ရဟန်းတို့ မိန်းမသည် ယောကျ်ားၗ၌ အလိုရှိသည်ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ယောကျ်ားသည် မိန်းမ၌ အလိုရှိသည် ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ခိုးသူသည် ခိုးယူခြင်း၌ အလိုရှိသည် ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ မင်းသည် မင်းရေး ကိစ္စတို့၌ အားထုတ်ရှိသည် ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ရဟန်းသည် (ကိလေသာတို့နှင့်) မစပ်ယှဥ်ရာ (နိဗ္ဗာန်)၌ အလိုရှိသည် ဖြစ်၍ ညဥ့်၌ အနည်းငယ်သာ အိပ်၏၊ များစွာ နိုးကြား၏။

ရဟန်းတို့ ဤသူငါးမျိုးတို့သည် ညဥ့်၌ အနည်းငယ်သာ အိပ်ကုန်၏၊ များစွာ နိုးကြားကုန်၏ ဟု (မိန့်တော်မူ၏)။

(၅-မှတ်) (ပါ၊နှာ-၁၃၈၊ မြန်၊နှာ-၁၇၃။)

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း 'အာဃာတ' ကို ပယ်ဖျောက်ကြောင်း တရားတို့သည် ဤငါးမျိုးတို့ တည်း၊ ရဟန်းအား အာဃာတဖြစ်ပေါ်ရာ အာရုံ၌ (ဤတရားငါးမျိုးဖြင့်) အာဃာတကို အချင်းခပ်သိမ်း ပယ်ဖျောက်ရမည်။

အဘယ်ငါးမျိုးတို့နည်းဟူမူ -

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ ချစ်ခြင်း 'မေတ္တာ' ကို ပွါးများရမည်၊ ဤသို့ အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ သနားခြင်း 'ကရုဏာ' ကို ပွါးများရမည်၊ ဤသို့ အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ လျစ်လျူရှုခြင်း 'ဥပေက္ခာ' ကို ပွါးများရမည်၊ ဤသို့ အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ သတိမထားခြင်း နှလုံးမသွင်းခြင်းသို့ ရောက်စေရ မည်၊ ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။

ရဟန်းတို့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်လာရာ ပုဂ္ဂိုလ်၌ ကံသာလျှင် မိမိဥစ္စာရှိသော အဖြစ်ကို ဆောက် တည်ရမည်။ "ဤအသျှင်သည် ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကံ၏ အမွေခံဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် လဲလျောင်းရာရှိ၏၊ (မိမိ) ပြုလုပ်မည့် ကောင်းသောကံ, မကောင်းသော ကံသာလျှင် အမွေခံ ဖြစ်ပေလိမ့်မည်" ဟု (ဆောက်တည်ရမည်)။

ဤသို့အားဖြင့် ထိုပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ရမည်။ (၅-မှတ်)(ပါ၊နှာ-၁၆၃၊ မြန်၊နှာ-၂၁၉။)

## မေးခွန်းနှင့် အဖြေ

၅။ လိစ္ဆဝီမင်းသားတို့အား မြတ်ဗုဒ္ဓ ဟောပြခဲ့သော ရခဲသော ရတနာများကို ရေးပြ၍၊ မြတ်ဗုဒ္ဓ၏ ဘုရားဖြစ်တော်မမူမီ မြင်မက်သော အိပ်မက်ကြီးငါးခုမှ နှစ်ခုမြောက်နှင့် လေးခုမြောက် အိပ်မက်တို့ကိုလည်း ရေးပြခဲ့ပါ။

ဖြေ။ "လိစ္ဆဝီမင်းတို့ ရတနာ ငါးမျိုးတို့၏ ထင်ရှား ဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏။

အဘယ် ငါးမျိုး တို့နည်း ဟူမူ -

ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏။

မြတ်စွာဘုရား ဟောကြားတော် မူအပ်သော ဓမ္မဝိနယကို ဟောကြားတတ်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏။

မြတ်စွာဘုရား ဟောကြားတော် မူအပ်သော ဓမ္မဝိနယကို ဟောကြားအပ်သည် ရှိသော် သိနိုင်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏။

မြတ်စွာဘုရား ဟောကြားတော် မူအပ်သော ဓမ္မဝိနယကို ဟောကြားအပ်သည်ရှိသော် သိ၍ လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏။

သူ့ကျေးဇူးကို သိ၍ သူ့ကျေးဇူးကို ထင်စွာပြုတတ်သော ပုဂ္ဂိုလ်ကို လောက၌ ရခဲ၏။

လိစ္ဆဝီမင်းတို့ လောက၌ ဤရတနာ ငါးမျိုးတို့၏ ထင်ရှား ဖြစ်ပေါ်ခြင်းကို ရခဲ၏" ဟု (မိန့်တော်မူ၏)။

(၄-မှတ်) (ပါ၊နှာ-၂၀၉၊ မြန်၊နှာ-၂၆၃။)

ရဟန်းတို့ နောက်တစ်မျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါးတရားကို မသိသေးမီ ဘုရားအလောင်း ဖြစ်စဉ်ကပင် တိရိယမည်သော မြက်မျိုးသည်ချက်မှ အထက်သို့ တက်ပြီးလျှင် ကောင်းကင်သို့ ထိ၍ တည်၏။

(၃-မှတ်) (ပါ၊နှာ-၂၁၀၊ မြန်၊နှာ-၂၆၄။)

ရဟန်းတို့ နောက်တစ်မျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား သစ္စာလေးပါးတရားကို မသိသေးမီ ဘုရားအလောင်း ဖြစ်စဉ်ကပင် အဆင်းအမျိုးမျိုးရှိသည့် ငှက်လေးမျိုးတို့သည် အရပ်လေးမျက်နှာတို့မှ လာ၍ ခြေရင်း၌ ကျပြီးလျှင် အားလုံး အဖြူချည်းတို့သာဖြစ်ကုန်၏။ (၃-မှတ်) (ပါ၊နှာ-၂၁၀၊ မြန်၊နှာ-၂၆၅။)

## မေးခွန်းနှင့် အဖြေ

၆။ နေမြင့်မှ ထမင်းချက်တတ်သော အိမ်များ၌ ရတတ်သော အပြစ်ငါးမျိုးတို့ကို ဖော်ပြ၍၊ အမျိုးသမီးများကို "မြွေဟောက်လို လျှာနှစ်ခွရှိသူ"ဟု ဆိုကြရာ အမျိုးသမီးများ၏ လျှာနှစ်ခွရှိပုံကို ရေးသားပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ နေမြင့်မှ ထမင်းချက်သော အိမ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်းဟူမူ -

ခရီးသွား ဧည့်သည်တို့ကို အခါအားလျော်စွာ မပူဇော်ရကုန်။

ဗလိနတ်စာကို ခံကုန်သော နတ်တို့ကို အခါအားလျော်စွာ မပူဇော်ရကုန်။

တစ်ထပ်သာ စားကုန်သော ညဥ့်စာစားခြင်းမှ ရှောင်ကြဉ်ကုန်သော နေလွဲစာ စားခြင်းမှ ရှောင်ကြဉ် ကုန်သော သမဏဗြာဟ္မဏတို့ကို အခါအားလျော်စွာ မပူဇော်ရကုန်။

ကျွန်အမှုလုပ်ယောကျ်ားတို့သည် မျက်နှာ မသာယာဘဲ အလုပ်ကို လုပ်ကြရကုန်၏။

အခါမဲ့၌ စားသမျှ ထမင်းသည် ဩဇာမရှိ။

ရဟန်းတို့ နေမြင့်မှ ထမင်းချက်သော အိမ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

(၇-မှတ်) (ပါ၊နှာ-၂၂၇၊ မြန်၊နှာ-၂၈၈။)

ရဟန်းတို့ ထိုငါးမျိုးသော အပြစ်တို့တွင် ဤဆိုလတ္တံ့သည်ကား မာတုဂါမ၏ လျှာနှစ်ခွရှိသည့် အဖြစ်တည်း ရဟန်းတို့ မာတုဂါမသည် များသောအားဖြင့် ကုန်းတိုက်တတ်၏။ (၃-မှတ်)(ပါ၊နှာ-၂၂၈၊ မြန်၊နှာ-၂၉၀။)

## မေးခွန်းနှင့် အဖြေ

၇။ “အသေကောင်းဖို့ အကြောင်းဂုဏ်ခြောက်ထွေ”ဟု ဆိုကြရာ အသေကောင်းကြောင်းတရားများကို ရေးပြ၍၊ ကာမဂုဏ်တရားတို့ ရနိုင်သော အမည်များကိုလည်း အကြောင်းနှင့်တကွ ရေးပြခဲ့ပါ။

ဖြေ။ ဤသာသနာတော်၌ ရဟန်းသည် အမှု၌ မွေ့လျော်၏၊ အမှု၌ ပျော်ပိုက်၏၊ အမှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏။

စကား ပြောဟောခြင်း၌ မွေ့လျော်၏၊ စကား ပြော ဟောခြင်း၌ ပျော်ပိုက်၏၊ စကား ပြောဟောခြင်း၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏။

အိပ်ခြင်း၌ မွေ့လျော်၏၊ အိပ်ခြင်း၌ ပျော်ပိုက်၏၊ အိပ်ခြင်း၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏။

အပေါင်းအဖော်၌ မွေ့လျော်၏၊ အပေါင်းအဖော်၌ ပျော်ပိုက်၏၊ အပေါင်းအဖော်၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏။

နှီးနှောမှု (ငါးမျိုး)၌ မွေ့လျော်၏၊ နှီးနှောမှု၌ ပျော်ပိုက်၏၊ နှီးနှောမှု၌ မွေ့လျော်သည့် အဖြစ်ကို အဖန်ဖန် အားထုတ်၏၊

ချဲ့ထွင်မှု ‘ပပဉ္စတရား’ ၌ မွေ့လျော်၏၊ ချဲ့ထွင်မှု၌ ပျော်ပိုက်၏၊ ချဲ့ထွင်မှု၌ မွေ့လျော်သည့်အဖြစ်ကို အဖန်ဖန် အားထုတ်၏။ (၅-မှတ်) (ပါ၊နှာ-၂၅၉၊ မြန်၊နှာ-၃၃၆။)

ရဟန်းတို့ ‘ဘေး’ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ ‘ဒုက္ခ’ ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ ‘ရောဂါ’ ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ ‘အိုင်းအမာ’ ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ ‘ကပ်ငြိခြင်း’ ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း၊ ရဟန်းတို့ ‘ညွှန်ပျောင်း’ ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။

ရဟန်းတို့ အဘယ်ကြောင့် ‘ဘေး’ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်သနည်း။

ရဟန်းတို့ ကာမဂုဏ်တို့၌ ကာမ ရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂဖြင့် နှောင်ဖွဲ့အပ်သော ဤသတ္တဝါ သည် မျက်မှောက် ဘေးမှလည်း မလွတ်၊ တမလွန် ဘေးမှလည်း မလွတ်၊ ထို့ကြောင့် ဘေး ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့် ‘ဒုက္ခ’ဟူသော ဤအမည်သည်။ပ။ ‘ရောဂါ’ ဟူသော။ ‘အိုင်းအမာ’ ဟူသော ‘ကပ်ငြိခြင်း’ ဟူသော ‘ညွှန်ပျောင်း’ ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည် ဖြစ် သနည်း။

ရဟန်းတို့ ကာမ ရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂဖြင့် နှောင်ဖွဲ့အပ်သော ဤသတ္တဝါသည် မျက်မှောက် ညွှန်ပျောင်းမှလည်း မလွတ်၊ တမလွန် ညွှန်ပျောင်းမှလည်း မလွတ်၊ ထို့ကြောင့် ‘ညွှန်ပျောင်း’ ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၅-မှတ်) (ပါ၊နှာ-၂၇၄၊ မြန်၊နှာ-၃၅၃။)

## မေးခွန်းနှင့် အဖြေ

၈။ ဆင်မင်းသဖွယ်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ နှာမောင်း, ဖြူသော အစွယ်, လည်ပင်း, နှာမောင်းဖျား, မြီးဆံတို့ကို ဖော်ပြ၍၊ အာသဝသုတ်လာ အာသဝအမျိုးအစားတို့ကိုလည်း ရေးပြခဲ့ပါ။

ဖြေ။ ဆင်မင်းသဖွယ်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏

နှာမောင်း - သဒ္ဓါ

ဖြူသော အစွယ် - ဆဋ္ဌင်္ဂုပေက္ခာ

လည်ပင်း - သတိ

နှာမောင်းဖျား တရား (အဖို့အစု)ကို ကြံစည်တတ်သော ဉာဏ်

မြီးဆံ ဝိဝေက ၃-ပါး။ (၅-မှတ်) (ပါ၊နှာ-၃၀၄၊ မြန်၊နှာ-၃၉၁။)

အာဝသဝ (အာသဝေါ) တရားအမျိုးအစား

စောင့်စည်းမှုဖြင့် ပယ်ရမည့် အာသဝ (အာသဝေါ)တရား

မှီဝဲမှုဖြင့် ပယ်ရမည့် အာသဝ (အာသဝေါ)တရား

သည်းခံမှုဖြင့် ပယ်ရမည့် အာသဝ (အာသဝေါ)တရား

ရှောင်ကြဉ်မှုဖြင့် ပယ်ရမည့် အာသဝ (အာသဝေါ)တရား

ပယ်ဖျောက်မှုဖြင့် ပယ်ရမည့် အာသဝ (အာသဝေါ)တရား

ပွားများမှုဖြင့် ပယ်ရမည့် အာသဝ (အာသဝေါ)တရား (၅-မှတ်) (ပါ၊နှာ-၃၄၀၊ မြန်၊နှာ-၄၃၁-၂။)

## မေးခွန်းနှင့် အဖြေ

၉။ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာကို ဖော်ပြ၍၊ မောင်းမဲနှင်ထုတ်ပါသော်လည်း မှီဝဲပေါင်းသင်းထိုက်သော မိတ်ဆွေကောင်း၏ အင်္ဂါရပ်တို့ကိုလည်း ရေးပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ (သူတော်ကောင်း) ဥစ္စာတို့သည် ဤခုနစ်မျိုးတို့တည်း။

အဘယ်ခုနစ်မျိုးတို့နည်းဟူမူ -

ယုံကြည်မှု 'သဒ္ဓါ' ဥစ္စာ၊စောင့်ထိန်းမှု 'သီလ' ဥစ္စာ၊ ရှက်မှု 'ဟိရီ' ဥစ္စာ၊ ကြောက်လန့်မှု 'ဩတ္တပ္ပ' ဥစ္စာ၊ အကြားအမြင် 'သုတ' ဥစ္စာ၊ စွန့်ကြဲမှု 'စာဂ' ဥစ္စာ၊ သိမှု 'ပညာ' ဥစ္စာတို့တည်း။

(၄-မှတ်) (ပါ၊နှာ-၃၉၈၊ မြန်၊နှာ-၅၀၃။)

ရဟန်းတို့ တရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်း ရဟန်းကို မောင်းမဲ နှင်ထုတ်အပ် သော်လည်း မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ခစားအပ်၏။

အဘယ် ခုနစ်မျိုး တို့နည်း ဟူမူ -

ချစ်လည်း ချစ်ထိုက် မြတ်နိုးလည်း မြတ်နိုးထိုက်၏၊ အလေးအမြတ်လည်း ပြုထိုက်၏၊ နှလုံးကိုလည်း ပွါးစေတတ်၏။ သူတစ်ပါးတို့ကို ဆုံးမတတ်၏၊ သူတစ်ပါးတို့ ဆိုဆုံးမသည်ကို ခံနိုင်၏၊ နက်နဲသော တရားစကားကို ပြောဆိုတတ်၏၊ အရာဌာန မဟုတ်သည်၌ မယှဉ်စေတတ် (မတိုက်တွန်းတတ်)။

ရဟန်းတို့ ဤတရားခုနစ်မျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်း ရဟန်းကို မောင်းမဲနှင်ထုတ် အပ်သော်လည်း မှီဝဲအပ်၏၊ ဆည်းကပ်အပ်၏၊ ခစားအပ်၏ ဟု (မိန့်တော်မူ၏)။ (၆-မှတ်) (ပါ၊နှာ-၄၂၂၊ မြန်၊နှာ-၅၃၃။)

## မေးခွန်းနှင့် အဖြေ

၁၀။ လောကလူသားများ သိသင့်သိထိုက်သော မယားခုနစ်မျိုးကို သိသာရုံ ဖော်ပြ၍၊ အရာရာ ပြီးပြည့်စုံသော နေပြည်တော်တစ်ခု ဖြစ်လာရန်အတွက် လိုအပ်သော မြို့တော်၏ အင်္ဂါရပ်တို့ကိုလည်း ရေးပြခဲ့ပါ။

ဖြေ။ သူသတ်နှင့် တူသော မယား၊ ခိုးသူနှင့် တူသော မယား၊ အရှင်နှင့် တူသော မယား၊ အမိနှင့် တူသော မယား၊ နှမနှင့် တူသော မယား၊ အဆွေခင်ပွန်းနှင့် တူသော မယား၊ ကျွန်မနှင့် တူသော မယားတို့တည်း။
သုဇာတာ လင်ယောက်ျား၏ မယားတို့သည် ဤခုနစ်မျိုးတို့တည်း။

(၃-မှတ်) (ပါ၊နှာ-၄၆၆၊ မြန်၊နှာ-၅၈၇။)

ရဟန်းတို့ ဤလောက၌ မင်း၏ အစွန်အဖျား ကျသော မြို့၌ တုရိုဏ်းတိုင်သည် နက်သော တွင်းရှိ၏၊ ကောင်းစွာ မြေ၌ စိုက်မြှုပ်ဖွဲ့ပ်၏၊ ဟုန်လှုပ်ခြင်း မရှိ၊ ယိုမှဲ၍မှ ယိမ်းယိုင်ခြင်း မရှိ။ (၁)

ရဟန်းတို့ နောက်တစ်မျိုးကား မင်း၏ အစွန်အဖျား ကျသော မြို့၌ ကျုံးသည် နက်လည်း နက်၏၊ ကျယ်လည်း ကျယ်၏။ (၂)

ရဟန်းတို့ နောက်တစ်မျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ (မြို့တံတိုင်းအတွင်း) ထက်ဝန်းကျင် လှည့်လည်နိုင်သော လမ်းခရီးသည် မြင့်လည်း မြင့်၏၊ ကျယ်လည်း ကျယ်၏။ (၃)

ရဟန်းတို့ နောက်တစ်မျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ (မြားစသော) ပစ်လွှတ်အပ်သော လက်နက်ကို လည်းကောင်း၊ (ဓားစသော) ကွင်းသော လက်နက်ကိုလည်းကောင်း လက်နက် များစွာကို သိုမှီးအပ်၏၊ (၄)

ရဟန်းတို့ နောက်တစ်မျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ များစွာသော စစ်သည် ဗိုလ်ပါအပေါင်းသည် နေ၏။ အဘယ်စစ်သည် ဗိုလ်ပါ အပေါင်းနည်း။ ဆင်စီးသူရဲ မြင်းစီးသူရဲ ရထားစီးသူရဲ လေးသည်တော်၊ အောင်လံကိုင်၊ စစ်ဆင်သူ၊ တစ်ဖက်စစ်တပ်သို့ ဝင်၍ ဦးခေါင်း ကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူ၊ (စစ်၌) ထူးချွန် ကျော်စောသော မင်းသား၊ တဟုန်တည်း ပြေးဝင်(စစ်ထိုး) နိုင်သူ၊ ဆင်ပြောင်ကြီး ကဲ့သို့သော သူရဲ၊ လွန်စွာ ရဲရင့်သူ၊ ချပ်ဝတ်သူရဲ၊ ကျွန်ယုံတော်များတို့ပင်တည်း။ (၅)

ရဟန်းတို့ နောက်တစ်မျိုးကား မင်း၏ အစွန်အဖျားကျသော မြို့၌ ပညာရှိ၍ လိမ္မာသော၊ ထက်မြက်သော ပညာနှင့် ပြည့်စုံသော၊ မသိသူတို့အား တားမြစ်တတ်၍ သိသူတို့အား ဝင်စေတတ်သော တံခါးမှူးရှိ၏၊ (၆)

ရဟန်းတို့ နောက်တစ်မျိုးကား မင်း၏ အစွန်အဖျား ကျသော မြို့၌ မြို့တံတိုင်းသည် မြင့်လည်း မြင့်၏၊ ကျယ်လည်းကျယ်၏၊ အပေါက် အလုံးစုံ ပိတ်ဆို့သော အင်္ဂတေလိမ်းကျံခြင်းနှင့်လည်း ပြည့်စုံ၏။

(၇-မှတ်) (ပါ၊နှာ-၄၇၈၊ မြန်၊နှာ-၅၉၉။)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**
**ပဉ္စက+ဆက္က+သတ္တကနိပါတ ပါဠိတော် မြန်မာပြန် အဖြေ**
၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၇) ရက်၊ (၂၃. ၆. ၂၀၁၅) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ (က) ရွှေ၏အညစ်အကြေး၊ (ခ) စိတ်၏အညစ်အကြေးတို့ကို ထုတ်ပြ၍၊ အကြောင်းငါးမျိုးတို့ဖြင့် ချီးမြှောက်အပ်သည့် မှန်ကန်သော အယူသည် မည်သို့သော အကျိုးမျိုးကို ဖြစ်စေပါနည်း ဖြေဆိုပြီး၊ ပေးလှူခဲ့ဖူးသူက မပေးလှူခဲ့ဖူးသူကို နတ်ဘဝ၌ သာလွန်သည့်အကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ (က) ၁၊ သံ၊ ၂၊ ကြေး၊ ၃၊ သလွဲဖြူ(ခဲမဖြူ)၊ ၄၊ သလွဲမည်း(ခဲပုပ်)၊ ၅၊ငွေ။ ၂-မှတ်

(ခ) ၁၊ ကာမဂုဏ်ကိုလိုလားမှု ကာမစ္ဆန္ဒ၊ ၂၊ ပျက်စီးစေလိုမှု ဗျာပါဒ၊ ၃၊ လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓ၊ ၄၊ ပျံ့လွင့်မှု နောင်တပူပန်မှု ဥဒ္ဓစ္စကုက္ကုစ္စ၊ ၅၊ မဝေခွဲနိုင်မှု ဝိစိကိစ္ဆာ။ (ပိုဒ်၊၂၃။ မြန်မာပြန် နှာ၊၁၉) ၂-မှတ်

အကြောင်းငါးမျိုးတို့ဖြင့်ချီးမြှောက်အပ်သည့် မှန်ကန်သောအယူသည် - စိတ်၏ ကိလေသာမှ လွတ်မြောက်မှု မဂ်ဖိုလ်သမာဓိအကျိုး၊ စိတ်၏ကိလေသာမှ လွတ်မြောက်မှု မဂ်ဖိုလ်သမာဓိ အာနိသင်။ ပညာ၏ကိလေသာမှလွတ်မြောက်မှုအကျိုး၊ ပညာ၏ကိလေသာမှလွတ်မြောက်မှု အာနိသင်ကိုဖြစ်စေပါသည်။
(ပိုဒ်၊၂၅။ မြန်မာပြန် နှာ၊၂၃) ၃-မှတ်

နတ်ဘဝ၌ သာလွန်သည့်အကြောင်းများ - ၁၊ နတ်၌ဖြစ်သော အသက်၊ ၂၊ နတ်၌ဖြစ်သော အဆင်း၊ ၃၊ နတ်၌ဖြစ်သောချမ်းသာ၊ ၄၊ နတ်၌ဖြစ်သော အခြံအရံ အကျော်အစော၊ ၅၊ နတ်၌ဖြစ်သော အစိုးရခြင်းဟူသော အကြောင်းငါးမျိုးတို့ဖြင့် သာလွန်လွှမ်းမိုးနိုင်ပါသည်။

(ပိုဒ်၊၃၁။ မြန်မာပြန် နှာ၊၃၅) ၃-မှတ်

၂။ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ဖြစ်ရာဘုံဌာနနှင့် ကမ္မဋ္ဌာန်းအားထုတ်သူတို့ ပြည့်စုံရမည့်အင်္ဂါရပ်တို့ကို လိုရင်းမျှ ထုတ်ပြပြီး၊ ကိုယ်ကြမ်းသော်လည်း စိတ်မကြမ်းသည့် လိစ္ဆဝီမင်းသားငယ်တို့အား ဟောကြားအပ်သည့် ကြီးပွါးတိုးတက်ကြောင်းငါးမျိုးကိုလည်း လိုရင်းအချုပ်မျှ ထုတ်ပြခဲ့ပါ။

ဖြေ။ ဥဂ္ဂသူကြွယ်သည် - ဈာန်စိတ်ဖြင့်ပြီးသော တစ်ခုသော သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ဖြစ်ပါသည်။
(ပိုဒ်၊၄၄။ မြန်မာပြန် နှာ၊၅၅) ၂-မှတ်

ကမ္မဋ္ဌာန်းအားထုတ်သူတို့ပြည့်စုံရမည့်အင်္ဂါရပ်များ - ၁၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ယုံကြည်ခြင်း၊

၂၊ အနာရောဂါကင်း မအေးလွန်း မပူလွန်း အလယ်အလတ်ဖြစ်၍ ကမ္မဋ္ဌာန်စီးဖြန်းခြင်းငှာခံ့သော အစာကိုအညီအမျှ ကြေကျက်စေတတ်သည့် ဝမ်းမီးနှင့်ပြည့်စုံခြင်း၊

၃၊ စဉ်းလဲမှု လှည့်ပတ်မှုမရှိ၊ ဆရာနှင့်ပညာရှိသီတင်းသုံးဖော်တို့အပေါ် ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာပြုတတ်ခြင်း၊

၄၊ အကုသိုလ်တရားတို့ကိုပယ်၍ ကုသိုလ်တရားတို့ ပြည့်စုံစေရန် ထက်သန်သောဝီရိယရှိခြင်း၊

၅၊ ဖြစ်မှု ပျက်မှုကိုသိ၍ ကိလေသာတို့ကိုဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခမ်းရာနိဗ္ဗာန်သို့ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့်ပြည့်စုံခြင်းတို့ဖြစ်ပါသည်။ (ပိုဒ်၊၅၃။ မြန်မာပြန်နှာ၊၇၁) ၄-မှတ်

**ကြီးပွါးတိုးတက်ကြောင်းငါးမျိုး** - ၁၊ထကြွလုံ့လဖြင့်ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် မိဖတို့ကို အရိုအသေပြု အလေးအမြတ်ပြု မြတ်နိုး ပူဇော်ခြင်း၊

၂၊ ထကြွလုံ့လဖြင့်ရအပ်သော (ပ) သား မယား အမှုလုပ်ကျွန်ယောက်ျားတို့ကို -၊

၃၊ ထကြွလုံ့လဖြင့်ရအပ်သော (ပ) မိမိလယ်လုပ်ငန်းအနီးရှိ လယ်ရှင်နှင့်မြေတိုင်းစာရေးတို့ကို-၊

၄၊ ထကြွလုံ့လဖြင့်ရအပ်သော (ပ) မိရိုးဖလာ ပူဇော်သက္ကာရကိုခံယူကုန်သောနတ်တို့ကို -၊

၅၊ ထကြွလုံ့လဖြင့်ရအပ်သော (ပ) သမဏဗြာဟ္မဏတို့ကို အရိုအသေပြု အလေးအမြတ်ပြု မြတ်နိုး ပူဇော်ခြင်းတို့ဖြစ်ပါသည်။ (ပိုဒ်၊၅၈။ မြန်မာပြန် နှာ၊၈၂) ၄-မှတ်

၃။ 'သင်ယူမှု ပရိယတ် များ၍ တရားနှင့်နေလေ့မရှိသူ' ဟူသည် မည်သို့ပါနည်း? ပဌမ, ဒုတိယ နှစ်သုတ် အရ ခွဲခြားပြ၍၊ ရဟန္တာပင် ဖြစ်ပါစေ၊ အများသူငါ ယုံမှားဖွယ်ရာ ဖြစ်စေသော အချက်တို့ကို ဖော်ပြခဲ့ပါ။

**ဖြေ။ ပဌမသုတ်အလို** - ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသောတရားကို သင်ယူ၏၊

ရဟန်းသည် ထိုတရားတော် သင်ယူခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏၊ တစ်ယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိအတွင်းသန္တာန်၌ စိတ်၏ ကိလေသာမှ ငြိမ်းမှုကို မကြိုးစားသူဖြစ်ပါသည်။

**ဒုတိယသုတ်အလို** - ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသောတရားကို သင်ယူ၏၊

ထို့ထက်ပိုလွန်၍ကား ထိုတရား၏အနက်ကို ပညာဖြင့်မသိသူဖြစ်ပါသည်။

(ပိုဒ်၊၇၃-၇၄။ မြန်မာပြန် နှာ၊၉၃-၉၅) ၃-မှတ်စီ ၆-မှတ်

**ယုံမှားဖွယ်ဖြစ်စေသောအချက်များ** - ရဟန်းသည် ၁၊ပြည့်တန်ဆာမ အိမ်လျှင် ကျက်စားရာရှိ၏၊ ၂၊မုဆိုးမ အိမ်လျှင်ကျက်စားရာရှိ၏၊ ၃၊အပျိုကြီး အိမ်လျှင်ကျက်စားရာရှိ၏၊ ၄၊ပဏ္ဍုက် အိမ်လျှင်ကျက်စားရာရှိ၏၊ ၅၊ရဟန်းမိန်းမ ကျောင်းလျှင်ကျက်စားရာရှိ၏၊ ဤတရားငါးမျိုးနှင့်ပြည့်စုံသော ရဟန်းဖြစ်ပါသည်။

(ပိုဒ်၊၁၀၂။ မြန်မာပြန် နှာ၊၁၃၈) ၄-မှတ်

၄။ သီလပျက်က အဆက်ဆက် ဖြစ်လာမည့် ဆိုးကျိုးတို့ကို အရှင်သာရိပုတြာ မိန့်ဆိုသည့်အတိုင်း ဥပမာမဖက် အဓိပ္ပါယ်သက်သက် ထုတ်ပြ၍၊ ရှေးရသေ့တို့၏ တပည့်များ သတ်မှတ်ပညတ်အပ်သည့် ပုဏ္ဏားငါးမျိုးသရုပ်နှင့်၊ ဘုရားအလောင်းတော်ဘဝ မြင်မက်သည့် ပဉ္စမအိပ်မက်၏ ကြောင်းကျိုးဆက်စပ်မှုကို ယှဉ်တွဲ ဖော်ပြခဲ့ပါ။

ဖြေ။ **အဆက်ဆက် ဖြစ်လာမည့်ဆိုးကျိုးများ** - သီလပျက်သော ဒုဿီလပုဂ္ဂိုလ်အား ၁၊ တည်ကြည်မှု သမ္မာသမာဓိ ပျက်စီးမည်၊ ၂၊ သမ္မာသမာဓိပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် အမြင် ပျက်စီးမည်၊ ၃၊ အမှန်သိသော ဉာဏ်အမြင်ပျက်စီးသူအား ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်နှင့် စွဲမက်မှု ရာဂ ကင်းခြင်းအရိယာမဂ်ဉာဏ် ပျက်စီးမည်၊ ၄၊ နိဗ္ဗိဒါ ဝိရာဂပျက်စီးသူအား လွတ်မြောက်မှုကို သိသော ဉာဏ်အမြင် အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် ပျက်စီးပါမည်။ (ပိုဒ်၊၁၆၈။ မြန်မာပြန် နှာ၊၂၂၃) ၄-မှတ်

**ရသေ့တို့ သတ်မှတ်ပညတ်သည့် ပုဏ္ဏားငါးမျိုး** - ၁၊ ဗြဟ္မာနှင့်တူသောပုဏ္ဏား၊ ၂၊ နတ်နှင့်တူသောပုဏ္ဏား၊ ၃၊ စည်းကမ်းရှိသောပုဏ္ဏား၊ ၄၊ စည်းကမ်းပျက်သောပုဏ္ဏား၊ ၅၊ ဒွန်းစဏ္ဍားနှင့် တူသောပုဏ္ဏားတို့ဖြစ်ပါသည်။

(ပိုဒ်၊၁၉၂။ မြန်မာပြန် နှာ၊၂၅၀) ၃-မှတ်

**ပဉ္စမ အိပ်မက် ကြောင်း ကျိုးဆက်စပ်ပုံ** - မစင်တောင်၏ အဆင့်ဆင့်၌ မစင်ဖြင့် မလိမ်းကျံပဲ စင်္ကြံကြွသွားရ၏ ဟူသော ပဉ္စမအိပ်မက်သည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို ရသော မြတ်စွာဘုရား၏ ထိုပစ္စည်းလေးပါးကို မမက်မော မတွေဝေ တဏှာဖြင့် မလွှမ်းမိုးဘဲ အပြစ်ကိုရှုလေ့ ရှိသည်ဖြစ်၍ ထွက်မြောက်ကြောင်းကိုသိလျက် သုံးဆောင်ခြင်းကို ထိုးထွင်း၍သိရန်ဖြစ်ပါသည်။

(ပိုဒ်၊၁၉၆။ မြန်မာပြန် နှာ၊၂၆၅-၆) ၃-မှတ်

၅။ ပုဂ္ဂိုလ်စွဲ ကြည်ညိုဆည်းကပ်သဖြင့် ရရှိမည့် ပြစ်ချက်တို့ကို အချုပ်မျှ ထုတ်ပြ၍၊ စီးပွါးချမ်းသာ၏ အကြောင်းဖြစ်သည့် အဖန်ဖန် အောက်မေ့ဖွယ်တရားခြောက်မျိုးသရုပ်နှင့် နတ်တို့ကို သက်သေပြု၍ မိမိ၏ သဒ္ဓါ-စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်ပုံကိုလည်း သိသာရုံမျှ ဖော်ပြခဲ့ပါ။

ဖြေ။ ရရှိမည့်ပြစ်ချက်များ - ၁၊ မိမိအကြည်ညိုခံပုဂ္ဂိုလ်သည် သံဃာက နှင်ထုတ်သင့်သော သဘောရှိသည့် အာပတ်သို့ရောက်မှုကြောင့် နှင်ထုတ်အံ့၊

'ငါ ချစ် မြတ်နိုးအပ်သည့်ပုဂ္ဂိုလ်ကို သံဃာသည် နှင်ထုတ်၏'ဟု ရဟန်းတို့၌ မကြည်ညိုမှုများစွာ ဖြစ်၏၊

၂၊ မိမိအကြည်ညိုခံပုဂ္ဂိုလ်သည် သံဃာက အစွန်အဖျား၌နေစေသင့်သောသဘောရှိသည့် အာပတ်သို့သင့်ရောက်မှုကြောင့် အစွန်အဖျား၌ နေစေအံ့၊

၃၊ မိမိအကြည်ညိုခံပုဂ္ဂိုလ်သည် အရပ်တပါးသို့ ဖဲသွားအံ့၊

၄၊ မိမိအကြည်ညိုခံပုဂ္ဂိုလ်သည် လူထွက်အံ့၊

၅၊ မိမိအကြည်ညိုခံပုဂ္ဂိုလ်သည် ကွယ်လွန်အံ့၊

ယင်းသို့ဖြစ်ရာ၌ 'ငါ ချစ်အပ် မြတ်နိုးအပ်သောပုဂ္ဂိုလ်ကို သံဃာက နှင်ထုတ်၏၊ အစွန်အဖျား၌ နေစေ၏၊ ငါ ချစ် မြတ်နိုးအပ်သောပုဂ္ဂိုလ်သည် အရပ်တပါးသို့ ဖဲသွား၏၊ လူထွက်၏၊ ကွယ်လွန်သွား၏'ဟု အခြားရဟန်းတို့ကို မဆည်းကပ်၊ အခြားရဟန်းတို့ကို မဆည်းကပ်သည်ရှိသော် သူတော်ကောင်းတရားကို မနာယူရ၊ သူတော်ကောင်းတရားကို မနာယူရသည်ရှိသော် သူတော်ကောင်းတရားမှ ယုတ်လျော့ပါသည်။

(ပိုဒ်၊၂၅၀။ မြန်မာပြန် နှာ၊၃၀၂) ၅-မှတ်

**အဖန်ဖန် အောက်မေ့ဖွယ်တရားခြောက်မျိုး** - ၁၊ ဘုရားဂုဏ်တော်၊ ၂၊ တရားဂုဏ်တော်၊ ၃၊ သံဃာဂုဏ်တော်၊ ၄၊ သီလဂုဏ်၊ ၅၊ စွန့်ကြဲပေးကမ်းခြင်းဂုဏ်၊ ၆၊ နတ်တို့၏ သဒ္ဓါစသောဂုဏ်နှင့်တူမျှသော မိမိ၏ သဒ္ဓါစသောဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်းတို့ဖြစ်ပါသည်။ (ပိုဒ်၊၉။ မြန်မာပြန်နှာ၊၃၂၆) ၃-မှတ်

**အဖန်ဖန် အောက်မေ့ဆင်ခြင်ပုံ** - စတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တီနတ် ပြဟ္မာ အထက်အထက်ပြဟ္မာတို့သည် သဒ္ဓါ သီလ အကြားအမြင်(သုတ) စွန့်ကြဲပေးကမ်းခြင်း ပညာနှင့် ပြည့်စုံကုန်သော ထိုနတ်ပြဟ္မာတို့သည် ဤလူ့ဘုံမှစုတေ၍ ထိုနတ် ပြဟ္မာဘုံ၌ဖြစ်ကုန်၏၊

ငါ့အားလည်း ထိုသဒ္ဓါ သီလ သုတ စာဂ ပညာမျိုး ထင်ရှားရှိ၏ဟု မိမိ၏လည်းကောင်း၊ ထိုနတ်ပြဟ္မာတို့၏လည်းကောင်း သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့ပါသည်။

(ပိုဒ်၊၂၅။ မြန်မာပြန် နှာ၊၃၅၆) ၂-မှတ်

၆။ ဘုရားရှင်က'အဖန်ဖန် အောက်မေ့အပ်သော အကြောင်းကို'မေး၍ အရှင်ဥဒါယီ ဖြေသည်ကို အသို့ပြစ်တင် ဝေဖန်သည်ကိုလည်းကောင်း၊ ဘုရားရှင် ဖြည့်စွက် ဟောကြားအပ်သည့် ခြောက်ခုမြောက် အောက်မေ့အပ်သည့် အကြောင်းကိုလည်းကောင်း ဖြေဆိုပြီး၊ အရိယာတို့၏အဆုံးအမ သာသနာ၌ ကိုယ်ပိုင်ဥစ္စာမဲ့သူ လူမွဲဟူသည် မည်သူနည်း ဖြေဆိုပါ။

ဖြေ။ **ပြစ်တင်ပြောဆိုပုံ** - 'မဂ်ဖိုလ်မှအချည်းနှီးဖြစ်သော ဤဥဒါယီသည် လွန်မြတ်သော သမာဓိ ဝိပဿနာနှင့်ယှဉ်သောစိတ်ကို အားထုတ်လျက် မနေသူဟု ငါသိ၏'ဟုမိန့်တော်မူပါသည်။ ၃-မှတ်

**ဖြည့်စွက်ဟောကြားသည့် ခြောက်ခုမြောက်** - အာနန္ဒာ. . . ဤသာသနာတော်၌ ရဟန်းသည် သတိရှိသည်ဖြစ်၍သာလျှင် ရှေ့သို့တက်၏ နောက်သို့ဆုတ်၏၊ ရပ်၏ ထိုင်၏၊ အိပ်၏ အမှုကိုဆောက်တည်၏၊

အာနန္ဒာ. . . ဤသည်ကား အဖန်ဖန်အောက်မေ့အပ်သောအကြောင်းပင်တည်း၊ ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော် သတိရှိရန် ဉာဏ်ရှိရန်ဖြစ်၏ ဟုမိန့်တော်မူပါသည်။

(ပိုဒ်၊၂၉။ မြန်မာပြန် နှာ၊၃၆၆-၇) ၃-မှတ်

**သာသနာတော်၌ လူမွဲဟူသည်** - ဤသာသနာတော်၌ တစ်စုံတစ်ယောက်သောသူအား ကုသိုလ်တရားတို့၌ ယုံကြည်မှု သဒ္ဓါ၊ ရှက်မှု ဟိရီ၊ ထိတ်လန့်မှု ဩတ္တပ္ပ၊ အားထုတ်မှု ဝီရိယ၊ သိမှု ပညာ မရှိသောပုဂ္ဂိုလ်ကို ဆိုလိုပါသည်။

(ပိုဒ်၊၄၅။ မြန်မာပြန် နှာ၊၃၉၇) ၄-မှတ်

၇။ မင်း, ပုဏ္ဏား, မိန်းမ, ခိုးသူတို့၏ တည်ရာနှင့် နှလုံးသွင်းကို ဖော်ပြ၍၊ ပူရဏကဿပ ပညတ်အပ်သည့် ညိုသော အမျိုးဇာတ်ရှိသူနှင့် ဖြူသော အမျိုးဇာတ် ရှိသူတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ မင်းသည် - ဗိုလ်ပါအပေါင်းလျှင် တည်ရာရှိကုန်၏၊ ရေမြေကိုအစိုးရခြင်းကို နှလုံးသွင်းကုန်၏။

ပုဏ္ဏားသည် - မန္တာန်လျှင် တည်ရာရှိကုန်၏၊ ယဇ်ပူဇော်ခြင်းကို နှလုံးသွင်းကုန်၏။

မိန်းမသည် - သားလျှင်တည်ရာရှိကုန်၏၊ လင်တူ မယား မရှိမှုကို နှလုံးသွင်းကုန်၏။

ခိုးသူသည် - လက်နက်လျှင်တည်ရာရှိကုန်၏၊ အမိုက်မှောင်ကို နှလုံးသွင်းကုန်၏။

(ပိုဒ်၊၅၂။ မြန်မာပြန် နှာ၊၄၀၈) ၂-မှတ်စီ ၈-မှတ်

ညိုသောအမျိုးဇာတ် - ပစ္စည်းလေးပါး၌ ဆူးပြောင့်သဖွယ်ဖြစ်သော ဆန္ဒရာဂဖြင့် အသက်မွေးခြင်းရှိသည့် ရဟန်းတို့နှင့် အခြား ကမ္မဝါဒီ ကိရိယဝါဒီဟူသမျှတို့ကို ညိုသောအမျိုးဇာတ်ဟု ပညတ်ပါသည်။

၂-မှတ်

ဖြူသောအမျိုးဇာတ် - အာဇီဝကတက္ကတွန်းနှင့် အာဇီဝက တက္ကတွန်းမတို့ကို ဖြူသောအမျိုးဇာတ်ဟု ပညတ်ပါသည်။ (ပိုဒ်၊၅၇။ မြန်မာပြန် နှာ၊၄၂၈) ၂-မှတ်

၈။ သောတာပတ္တိမဂ်နှင့် ပြည့်စုံသူ ပယ်အပ်သည့်တရားခြောက်မျိုးနှင့် ကာမဓာတ်ကို ပယ်ရန် ပွားများအပ်သည့် ဓာတ်ကို ဖော်ပြ၍၊ ပညာဗိုလ်၏ အဓိပ္ပါယ်ကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ပယ်အပ်သည့်တရားခြောက်မျိုး - ၁၊ သက္ကာယဒိဋ္ဌိ၊ ၂၊ ဝိစိကိစ္ဆာ၊ ၃၊ သီလဗ္ဗတပရာမာသ၊ ၄၊ အပါယ်သို့ ရောက်ကြောင်း ရာဂ၊ ၅၊ အပါယ်သို့ရောက်ကြောင်း ဒေါသ၊ ၆၊ အပါယ်သို့ရောက်ကြောင်း မောဟတို့ဖြစ်ပါသည်။

(ပိုဒ်၊၉၀။ မြန်မာပြန် နှာ၊၄၈၁) ၅-မှတ်

ပွါးများအပ်သည့်ဓာတ် - ကာမဓာတ်ကိုပယ်ရန် ထွက်မြောက်မှုသဘော နေက္ခမ္မဓာတ်ကို ပွါးများအပ်ပါသည်။

(ပိုဒ်၊၁၁၁။ မြန်မာပြန် နှာ၊၄၉၂) ၂-မှတ်

အဓိပ္ပါယ် - ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ ဖြစ်မှု ပျက်မှုကို သိတတ်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ကောင်းစွာရောက်စေနိုင်သော မြတ်သောပညာနှင့်ပြည့်စုံ၏။

(ပိုဒ်၊၄။ မြန်မာပြန် နှာ၊၅၀၃) ၃-မှတ်

၉။ ရေပေါ်၌ ပေါ်၍ မယုတ် မတိုး တည်မြဲတိုင်း တည်တန့်နေသူဟူသည် မည်သို့နည်း ဖြေ၍၊ ဥပါသကာ ဒါယကာတို့၏ ဆုတ်ယုတ်ပျက်စီးကြောင်း ခုနစ်မျိုးတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

ဖြေ။ တည်မြဲတိုင်း တည်တန့်နေသူဟူသည် - ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟုပေါ်လာ၏၊ ဟိရီသည် ကောင်းမြတ်၏၊ ဩတ္တပ္ပသည် ကောင်းမြတ်၏၊ ဝီရိယသည် ကောင်းမြတ်၏၊ ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ ဟုပေါ်လာ၏၊ ထိုပုဂ္ဂိုလ်၏ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာသည် မဆုတ်ယုတ် မတိုးပွါး တည်မြဲတိုင်း တည်တန့်၏၊ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် တည်၏။

(ပိုဒ်၊၁၅။ မြန်မာပြန် နှာ၊၅၁၁) ၄-မှတ်

ဆုတ်ယုတ်ပျက်စီးကြောင်း ခုနစ်မျိုး - ၁၊ ရဟန်းတို့အား ဖူးမျှော်မှုကို ယုတ်စေ၏၊ ၂၊ သူတော်ကောင်းတရား ကြားနာမှုကို မေ့လျော့၏၊ ၃၊ လွန်မြတ်သောသီလ၌ မဖြည့်ကျင့်၊ ၄၊ မထေရ်ကြီးရဟန်း သီတင်းငယ်ရဟန်း သီတင်းလတ်ရဟန်းတို့၌ မကြည်ညိုမှုများ၏၊ ၅၊ ချုတ်ချယ်လိုသော စိတ်ရှိလျက် အပေါက်အလမ်းကိုရှာလိုသည်ဖြစ်၍ တရားနာ၏၊ ၆၊ ဤသာသနာတော်မှအပ၌ မြတ်သောအလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏၊ ၇၊ သာသနာတော်မှ အပဖြစ်သော ထိုသူတို့၌လည်း ရှေးဦးအလှူကိုပြု၏။ (ပိုဒ်၊၂၉-၃၀-၁။ မြန်မာပြန် နှာ၊၅၂၆-၈) ၆-မှတ်

၁၀။ မြတ်သော အကျင့် ကျိုးပေါက် ပြောက် ကျား မထုန်ငယ် ခုနစ်ပါးမှ ပထမ, ဒုတိယ, တတိယတို့ကို ဖော်ပြ၍၊ သုနေတ္တ ဆရာကြီး၏ အဆုံးအမကို အကုန်အစင် သိ/မသိ တပည့်ပရိသတ်တို့ ရလဒ် ကွဲပြားပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပထမ - မြတ်သောအကျင့်ကို ကောင်းစွာကျင့်၏ ဝန်ခံပါလျက် မာတုဂါမနှင့်အတူ နှစ်ယောက်

နှစ်ယောက်သောသူတို့ ပြုကျင့်အပ်သော မေထုန်အကျင့်သို့ကား မရောက်၊ စင်စစ်မူကား -]

မာတုဂါမ၏ နံ့သာစသည်ဖြင့် ပွတ်သပ်မှု၊ ဆီဖြင့်ဆုတ်နယ်မှု၊ ရေချိုးပေးမှု၊ သုံးသပ်မှုကို သာယာ၏၊ မာတုဂါမ၏ နံ့သာစသည်ဖြင့် ပွတ်သပ်မှုစသည်ကို နှစ်သက်၏၊ ထိုနံ့သာပွတ်သပ်မှုစသည်ကို အလိုရှိ၏၊ ထိုသို့ပြုမှုဖြင့်လည်း နှစ်သက်ခြင်းသို့ရောက်၏။

ဒုတိယ - စင်စစ် မာတုဂါမနှင့်အတူ စကားပြောဆို၏၊ ပြက်ရယ်ပြု၏၊ ပြင်းစွာရယ်၏၊

တတိယ - စင်စစ် မာတုဂါမ၏ မျက်စိကို မိမိမျက်စိဖြင့် တစိမ့်စိမ့်ကြည့်၏ ရှု၏။

(ပိုဒ်၊၅၀။ မြန်မာပြန် နှာ၊၅၅၄) ၂-မှတ်စီ ၆-မှတ်

ရလာဘ်ကွဲပြားပုံ - သုနေတ္တဆရာကြီးသည် ဗြဟ္မာ့ပြည်၌ဖြစ်ရန် တရားဟောသည်ရှိသော် အဆုံးအမကို အကုန်အစင် သိကုန်သောတပည့်တို့သည် - ခန္ဓာပျက်စီး သေပြီးသည်မှနောက်၌ ကောင်းသောလားရာ ဗြဟ္မာ့ပြည်သို့ရောက်ကုန်၏၊ ၂-မှတ်

အကုန်အစင် မသိကုန်သောတပည့်တို့သည် - ခန္ဓာပျက်စီး သေပြီးသည်မှနောက်၌ အချို့သော သူတို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏အသင်းဝင်အဖြစ်သို့၊ အချို့သူတို့သည် နိမ္မာနရတိနတ် တို့၏အသင်းဝင်အဖြစ်သို့၊ အချို့သူတို့သည် တုသိတာနတ်တို့၏အသင်းဝင်အဖြစ်သို့၊ အချို့သူတို့သည် ယာမာနတ်တို့၏အသင်းဝင်အဖြစ်သို့၊ အချို့သူတို့သည် တာဝတိံသာနတ်တို့၏အသင်းဝင်အဖြစ်သို့၊ အချို့သူတို့သည် စတုမဟာရာဇ်နတ်တို့၏ အသင်းဝင်အဖြစ်သို့၊ အချို့သူတို့သည် ဥစ္စာများပြားသော မင်းမျိုး၌၊ အချို့သူတို့သည် ဥစ္စာများပြားသော ပုဏ္ဏားမျိုး၌၊ အချို့သူတို့သည် ဥစ္စာများပြားသော သူဌေးမျိုး၌ ဖြစ်ကုန်၏။ (ပိုဒ်၊၆၆။ မြန်မာပြန် နှာ၊၅၉၇) ၂-မှတ်

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

# ရန်ကုန်မြို့
# ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၅) အင်္ဂုတ္တရနိကာယ
# ပဉ္စက+ဆက္က+သတ္တကနိပါတ ပါဠိတော် မြန်မာပြန်
# မေးခွန်းနှင့်အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်၊ (၂၂. ၆. ၂၀၁၆) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••••••••••

၁-မေး။ ကုသိုလ်တရားတည်းဟူသော အသီး အပွင့် အရွက်တို့နှင့် ပြည့်စုံသော သာသနာ့သစ်ပင်ကြီးပေါ်မှ ကြွေကျကာ မြေခရရှာသော သစ်ရွက်နှင့်တူသော ပုဂ္ဂိုလ်တို့ကို စဝနသုတ်မှ ထုတ်ပြ၍၊ အရိယကန္တသီလ၏ ဂုဏ်ရည်များကို ပြဆိုကာ၊ ဆုတောင်းနေရုံနှင့် မရ၊ တကယ် လုပ်မှ တကယ် ရနိုင်သော အရာငါးမျိုးကို ဣဋ္ဌသုတ်မှ ရှာဖွေတင်ပြပါ။

ဖြေ။ (၁) သဒ္ဓါတရားမရှိသူ၊

(၂) အကုသိုလ်တို့ကို စက်ဆုပ်တတ်သော ဟိရီတရားမရှိသူ၊

(၃) အကုသိုလ်ဒုစရိုက်ကြောင့် ကြောက်လန့်တတ်သော ဩတ္တပ္ပတရားမရှိသူ၊

(၄) ပျင်းရိသူ၊

(၅) ပညာမရှိသူ။ (အံ၊၂၆-စဝနသုတ်) (၄-မှတ်)

အရိယကန္တသီလ၏ ဂုဏ်ရည်များ-

(၁) အကျိုးအပြတ်မရှိခြင်း၊ (၂) အပေါက်မရှိခြင်း၊ (၃) အကွက်အကျားမရှိခြင်း၊ (၄) အပြောက်အစက်မရှိခြင်း၊ (၅)တဏှာ၏ကျွန် တာဝန်မစပ် လွတ်လပ်သည်ကို ပြုတတ်ခြင်း၊ (၆) ဘုရားစသော ပညာရှိတို့ ချီးမွမ်းခြင်း၊ (၇)တဏှာဒိဋ္ဌိတို့သည်များသောအားဖြင့်မသုံးသပ်မဆွဲကိုင်အပ်ခြင်း၊ (၈) မဂ်ဖိုလ်သမာဓိကိုဖြစ်စေနိုင်ခြင်း။

(အံ၊၂၃၀)(၄-မှတ်)

အာယု၊ ဝဏ္ဏ၊ သုခ၊ ယသ၊ သဂ္ဂ။ (အံ၊၂၄၁) (၂-မှတ်)

၂-မေး။ အသက်အရွယ်ကြီးရင့်၍ ရဟန်းပြုသော တောထွက်ခင်ကြီး၏ သန္တာန်၌ တွေ့မြင်ရခဲသော တရားရှစ်မျိုးတွင် နောက်ဆုံးသုံးမျိုးကို ထုတ်ပြ၍၊ ဆွဲခွါအပ်ပြီးသော တံခါးကျည်မင်းတုပ်ရှိသော ပုဂ္ဂိုလ်၏ အဓိပ္ပာယ်ကို ရှင်းပြပြီး၊ သီတင်းသုံးဖော်အချင်းအချင်းကပင် လေးစားထိုက်သော မထေရ်ကြီး၏ ဂုဏ်ရည်များကို ကုဟကသုတ်နှင့် အညီ ရေးပါ။

ဖြေ။ နောက်ဆုံးသုံး မျိုး-
(၁) ဆိုဆုံးမ လွယ်ကူခြင်း၊

(၂) ကုသိုလ်တရားတို့ကို ကောင်းစွာ ယူငင် ကျင့်ကြံအပ်သည် မည်လောက်အောင် ကျင့်ကြံလေ့ ရှိခြင်း၊
(၃) အဆုံးအမကို ရိုသေစွာ နာယူခြင်း။ (အံ၊၂၆၇) (၃-မှတ်)

ဆွဲခွါအပ်ပြီးသော တံခါးကျည်မင်းတုပ်ရှိသောပုဂ္ဂိုလ်-အဝိဇ္ဇာကို ပယ်အပ်ပြီးသည် အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်အပ်ပြီးသော အဝိဇ္ဇာတဏှာ အမြစ်အရင်းရှိသည် လည်ပင်းပြတ်ပြီး၍ အရွက်အသီးစသည်တို့၏

တည်ရာမဖြစ်နိုင်သောထန်းပင်ငုတ်ကဲ့သို့ပြုအပ်ပြီးသည်နောက်ထပ်ဖြစ်ခြင်းမရှိအောင်ပြုအပ်ပြီးသည်နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိသည် ဖြစ်၏၊ ထိုကဲ့သို့သောသူသည် ဆွဲခွါအပ်ပြီးသော တံခါးကျည်မင်းတုပ်ရှိသော ပုဂ္ဂိုလ် ဖြစ်ပါသည်။ (အံ၊ ၂၊ ၇၄၊ ပထမစေတောဝိမုတ္တိ) (၃ - မှတ်)

သီတင်းသုံးဖော်အချင်းချင်းသော်မှ လေးစားထိုက်သော မထေရ်ကြီး၏ဂုဏ်ရည်များ -

(၁) လူအပေါင်းကို အံ့သြစေတတ်သူ မဟုတ်ခြင်း၊

(၂) မြှောက်ပင့်ပြောဆိုတတ်သူမဟုတ်ခြင်း၊

(၃) ပစ္စည်းလာဘ်လျှဒါန်းအောင် အရိပ်နိမိတ်ပြခြင်းအလေ့ရှိသူ မဟုတ်ခြင်း၊

(၄) ပစ္စည်းလာဘ်လျှဒါန်းအောင် ကြိတ်ချေဖိနှိပ် ပြောဆိုခြင်းအလေ့ရှိသူ မဟုတ်ခြင်း၊

(၅) မိမိ၏အနည်းငယ်သော လာဘ်ဖြင့် သူတစ်ပါး၏ ပစ္စည်းလာဘ်များစွာကို ရှာမှီးယူငင်တတ်သူ မဟုတ်ခြင်း၊

(အံ၊ ၂၊ ၉၈၊ ကုဟကသုတ်) (၄ - မှတ်)

၃-မေး။ အရပ်လေးမျက်နှာတို့၌ အဆီးအတားမရှိ သွားလာနိုင်သော ရဟန်း၏ သန္တာန်၌ ပြည့်စုံရမည့် တရားတို့ကို ဖော်ပြ၍၊ ပဏ္ဍာသမဏကောင်း တစ်ပါး ဖြစ်ရန် ပြည့်စုံရမည့် အင်္ဂါတို့မှ နောက်ဆုံးသုံးပါးကို ထုတ်ပြပြီး၊ အသက်တို စေတတ်သော တရားငါးပါးကို ပဌမအနာယုဿသုတ်နှင့်အညီ ဖော်ပြခဲ့ပါ။

ဖြေ။ အရပ်လေးမျက်နှာတို့၌ အဆီးအတားမရှိသွားလာနိုင်သောရဟန်း၏သန္တာန်၌ပြည့်စုံရမည့်တရား

(၁) ပါတိမောက္ခသံဝရသီလရှိခြင်း၊

(၂) ဗဟုသုတရှိခြင်း၊

(၃) ဆွမ်းသင်္ကန်းကျောင်းဆေးဟူသော ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ခြင်း၊

(၄) ဈာန်လေးပါးတို့ကို အလိုရှိတိုင်း မပင်မပန်းဝင်စားနိုင်ခြင်း၊

(၅) အာသဝေါတို့၏ကုန်ခြင်းကြောင့် အာသဝမရှိသော စေတောဝိမုတ္တိ ပညာဝိမုတ္တိကို ယခုဘဝ၌ပင် ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ နေခြင်း။ (အံ၊ ၂၊ ၁၁၉၊ စာတုဒ္ဒိသသုတ်) (၄ - မှတ်)

ပဏ္ဍာသမဏကောင်းတစ်ပါးဖြစ်ရန်ပြည့်စုံရမည့်အင်္ဂါတို့မှ နောက်ဆုံးသုံးပါး -

အာပတ်၏ နီးနီးကပ်ကပ်စကားကို ပြောဆိုနေသော ဆရာဥပဇ္ဈာယ်ကို တားမြစ်ခြင်း၊

ဆရာဥပဇ္ဈာယ်စကားပြောဆိုနေစဉ် စကားမဆုံးမီ အကြားအကြား၌ မိမိ၏ မစပ်ဆိုင်သော စကားကို ထည့်သွင်း မပြောဆိုခြင်း၊ ပညာမရှိ ထုံထိုင်းဖျင်းအ အာရည်တံတွေးယိုကျရာ ခံတွင်းရှိခြင်း။

(အံ၊ ၂၊ ၁၂၂၊ ပဏ္ဍာသမဏသုတ်) (၃ - မှတ်)

အသက်ကို တိုစေတတ်သော တရားငါးပါး -

မလျောက်ပတ်သော သွားလာနေထိုင် စားသောက်မှုကိုပြုခြင်း၊

လျောက်ပတ်သော အမှု၌ အတိုင်းအတာ ပမာဏကို မသိခြင်း၊

မကျေကျက်နိုင်သော အစာကို စားလေ့ရှိခြင်း၊

အချိန်အခါမဲ့၌ သွားလာလှည့်လည်လေ့ရှိခြင်း၊

မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိခြင်း။ (အံ၊ ၂၊ ၁၂၈၊ ပထမအနာယုဿသုတ်) (၃ - မှတ်)

၄-မေး။ အဘယ်ပုဂ္ဂိုလ်တို့သည် အဘယ်ဆန္ဒရှိသောကြောင့် ညအခါ၌ အနည်းငယ်သာ အိပ်ကြပါသနည်း? ဖြေဆို၍၊ လျှပ်ပေါ်လော်လီ စိတ်မတည်သော လောလပုဂ္ဂိုလ်၏ အဓိပ္ပာယ်ကို အကျယ် ရှင်းပြကာ၊ အသပ္ပုရိသဒါန ငါးမျိုးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ မိန်းမတို့သည် ယောက်ျားတို့၌ မေထုန်ကိစ္စ အလိုဆန္ဒရှိသည်ဖြစ်၍၊
ယောက်ျားတို့သည် မိန်းမတို့၌ မေထုန်ကိစ္စ အလိုဆန္ဒ ရှိသည်ဖြစ်၍၊
သူခိုးဓားပြသည် ခိုးယူလုယက်မှု၌ အလိုဆန္ဒရှိသည်ဖြစ်၍၊
မင်းတို့သည် မင်းတို့၏ပြုဖွယ်ကိစ္စ၌ကြိုးစားအားထုတ် ပြုလုပ်နေရသည်ဖြစ်၍၊
ရဟန်းသည် ကိလေသာတို့နှင့်မယှဉ်မတွဲ ခွဲခွါရာ နိဗ္ဗာန်၌ အလိုဆန္ဒရှိသည်ဖြစ်၍ ညဉ့် အနည်းငယ်သာ အိပ်ကြပါသည်။ (အံ၊ ၂၊ ၁၃၈၊ အပ္ပသုပတိသုတ်) (၃-မှတ်)

လျှပ်ပေါ်လော်လီ စိတ်မတည်သော လောလပုဂ္ဂိုလ်၏အဓိပ္ပါယ် -
အချို့သော ပုဂ္ဂိုလ်သည် နည်းသော သဒ္ဓါတရားရှိသည် နည်းပါးသောထပ်တလဲလဲမိုဝဲဆည်းကပ်တတ်သော သဒ္ဓါရှိသည် နည်းပါးသော သဒ္ဓါအချစ် တဏှာအချစ်ရှိသည် နည်းပါးသော သဒ္ဓါကြည်ညိုမှုရှိသည်ဖြစ်၏။
ထိုပုဂ္ဂိုလ်သည် လျှပ်ပေါ်လော်လီ စိတ်မတည်သော လောလပုဂ္ဂိုလ်မည်၏။ (အံ၊ ၂၊ ၁၄၆၊ အဝဇာနာတိသုတ်)

(၂-မှတ်)

အသပ္ပုရိသဒါန -
လှူဖွယ်ဝတ္ထုကိုကောင်းမွန်သန့်ရှင်းအပြစ်ကင်းအောင် မပြုလုပ်ဘဲ ပေးလှူခြင်း၊
လှူဖွယ်ဝတ္ထုနှင့်အလှူခံပုဂ္ဂိုလ်တို့ကို လေးစားသမှု စိတ်၌မပြုဘဲ လှူခြင်း၊
ကိုယ်တိုင်မဟုတ်ဘဲ သူတပါးကို စေခိုင်း၍ လှူခြင်း၊
စွန့်ပစ်သကဲ့သို့ လှူခြင်း၊
ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိမရှိဘဲ လှူခြင်း။

(အံ၊ ၂၊ ၁၅၁၊ အသပ္ပုရိသသုတ်) (၅-မှတ်)

၅-မေး။ ဘုရားရှင်၏ ဂုဏ်တော်ကို ပုံဖော်၍ အောက်မေ့ပူဇော်ကြသည့်အခါ ဖြစ်ပေါ်လာသည့် စိတ်နေစိတ်ထားကို ရေး၍၊ သားသတ်လုပ်ငန်းဖြင့် နှစ်ရှည်အသက်မွေးမြူခဲ့ပါသော်လည်း ကြီးကျယ်ခမ်းနားစွာ မချမ်းသာကြခြင်း၏ အကြောင်းကို ဖြေဆိုပြီး၊ ဟိမဝန္တာတောင်မင်းကိုပင် ဖောက်ထွင်းနိုင်သည့် စွမ်းအားတို့တွင် အစသုံးပါးကိုသာ ဖော်ပြခဲ့ပါ။

ဖြေ။ ဖြစ်ပေါ်လာသည့်စိတ်နေ စိတ်ထား -
ရာဂသည်ထကြွလွှမ်းမိုးအုပ်စိုးတည်နေအပ်သော စိတ်မဖြစ်ခြင်း၊
ဒေါသသည်ထကြွလွှမ်းမိုးအုပ်စိုးတည်နေအပ်သော စိတ်မဖြစ်ခြင်း၊
မောဟသည်ထကြွလွှမ်းမိုးအုပ်စိုးတည်နေအပ်သော စိတ်မဖြစ်ခြင်း၊
ရာဂပရိယုဋ္ဌာနစိတ် စသည် မဖြစ်ရာအခါ၌ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အကြောင်းပြု၍ ထိုပွားများ ပူဇော် သော ပုဂ္ဂိုလ်၏ စိတ်သည် ဖြောင့်မတ်တည်ကြည်ခြင်း။ (အံ၊ ၂၊ ၂၅၂၊ မဟာနာမသုတ်) (၅-မှတ်)

ကြီးကျယ်ခမ်းနားစွာ မချမ်းသာကြခြင်းအကြောင်း- ထိုသားသတ်ပုဂ္ဂိုလ်တို့သည် သတ်ဖို့ရာ ယူငင် ခေါ်ဆောင်အပ်ပြီးကုန်သော ထိုသတ္တဝါတို့ကို ယုတ်ညံ့လှစွာသော သတ်လိုစိတ်ဖြင့် အထပ်ထပ် အဖန်ဖန် ကြည့်ရှုကြခြင်းကြောင့်။ (အံ၊ ၂၊ ၂၆၇၊ မစ္ဆဗန္ဓသုတ်) (၂-မှတ်)

ဖောက်ထွင်းနိုင်သည့်စွမ်းအားတို့တွင် အစသုံးပါး -
သမာဓိကိုဝင်စားမှု၌ ကျွမ်းကျင်မှုဟူသော စွမ်းအား၊
ဝင်စားအပ်သောဈာန်သမာဓိကိုတည်တံ့နေစေခြင်း၌ ကျွမ်းကျင်မှုဟူသောစွမ်းအား၊
ဝင်စားအပ်သောဈာန်သမာဓိ၏ (ဝါ) မှ ထချင်းရပ်နားချင်း၌ ကျွမ်းကျင်မှုဟူသောစွမ်းအား

(အံ၊ ၂၊ ၂၇၅၊ ဟိမဝန္တသုတ်) (၃-မှတ်)

၆-မေး။ အလှူပေးပုဂ္ဂိုလ်ပြည့်စုံရမည့် အင်္ဂါရပ်တို့ကို ဆင္ဂဏ်ဒါနသုတ်အလို ဖော်ပြ၍၊ သာသနာတော်၌ အကြွေးယူသူ ဟူသည် အဘယ်နည်း? ဖြေဆိုကာ၊ သုပ္ပတိတ္ထညောင်ပင်ကြီး၏ အသီးပမာဏ, ထိုအသီး၏အရသာ, ထိုအသီးကို စားသုံးကြသူများကိုလည်း ထုတ်နုတ် တင်ပြခဲ့ပါ။

ဖြေ။ အလှူပေးပုဂ္ဂိုလ်ပြည့်စုံရမည့် အင်္ဂါရပ် – လှူဒါန်းခြင်းကိစ္စ၌ ရှေးဦးအစ၌ပင် နှစ်သက်ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းနေစဉ် စိတ်ကို ကြည်လင်ရွှင်ပြစေခြင်း၊ လှူဒါန်းပြီး၍ နှစ်သက်ဝမ်းမြောက်သောစိတ်ရှိခြင်းတို့ဖြစ်ပါသည်။ (အံ၊၂၊၂၉၅) (၂–မှတ်)

သာသနာတော်၌ အကြွေးယူသူဟူသည် – ကုသိုလ်တရားတို့၌ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဝီရိယ, ပညာမရှိခြင်းကြောင့် ကိုယ်ဖြင့်ဒုစရိုက်အမှုကိုပြုသောပုဂ္ဂိုလ်၊ နှုတ်ဖြင့်ဒုစရိုက်အမှုကိုပြုသောပုဂ္ဂိုလ်၊ စိတ်ဖြင့်ဒုစရိုက်အမှုကိုပြုသောပုဂ္ဂိုလ် ဖြစ်ပါသည်။ (အံ၊၂၊၃၁၀) (၂–မှတ်)

သုပ္ပတိတ္ထညောင်ပင်ကြီး၏အသီးပမာဏ – ဆန်တစ်ပြည်ချက်ထမင်းအိုးပမာဏ၊ (၂–မှတ်)

ထိုအသီး၏ အရသာ – အပြစ်မရှိသော ငယ်သောပျားကောင်တို့သည် ပြုလုပ်သော ပျားလဘို့ကဲ့သို့သော အရသာ (၂–မှတ်)

ထိုအသီးကိုစားသုံးကြသူများ –

မောင်းမမိဖုရားအပေါင်းနှင့်တကွသောမင်း၊
စစ်သည်ဗိုလ်ပါအပေါင်း၊
နိဂုံးနှင့်ဇနပုဒ်နေသူအပေါင်း၊

ရဟန်းပုဏ္ဏား၊ သားကောင်များဖြစ်ပါသည်။(အံ၊၂၊၃၂၄) (၂–မှတ်)

၇-မေး။ ပူရဏကဿပ ပညတ်အပ်သည့် ဝါသောအမျိုးဇာတ်ရှိသူနှင့် အလွန်ဖြူသောအမျိုးဇာတ်ရှိသူတို့ကို ဖော်ပြပြီး၊ သူတော်ကောင်းတရား နာကြားပါသော်လည်း မဂ္ဂနိယာမတရားသို့ မရောက်နိုင်သူတို့ကို သီတိဝဂ် တတိယသုတ်နှင့်အညီ ဖော်ပြခဲ့ပါ။

ဖြေ။ ပူရဏကဿပပညတ်အပ်သည့် ဝါသောအမျိုးဇာတ်ရှိသူနှင့် အလွန်ဖြူသောအမျိုးဇာတ်ရှိသူ –

အဝတ်ဖြူကိုဝတ်ကုန် သော အဝတ်မဝတ်သော ပရိဗိုဇ်တို့၏ တပည့်ဖြစ်ကုန်သော လူများဖြစ်ပါသည်။

(၂–မှတ်)

နန္ဒမည်သော ဝစ္ဆ, ကိသမည်သော သံကိစ္စ, မက္ခလိမည်သော ဂေါသာလ တို့ဖြစ်ပါသည်။

(အံ၊၂၊၃၃၇) (၂–မှတ်)

သူတော်ကောင်းတရားနာကြားပါသော်လည်းမဂ္ဂနိယာမတရားသို့မရောက်နိုင်သူများ –
အမိကိုဇီဝိတိန္ဒြေမှ ချွင်းသောသူ၊
အဖကိုဇီဝိတိန္ဒြေမှ ချွင်းသောသူ၊
ရဟန္တာကိုဇီဝိတိန္ဒြေမှ ချွင်းသောသူ၊
မြတ်စွာဘုရားအားပြစ်မှားလိုစိတ်ဖြင့်သွေးကိုဖြစ်စေသူ၊
သံဃာသင်းခွဲသောသူ၊ ပညာမရှိ, ဖျင်းအ, ခံတွင်းမှ အာရည်တံတွေး ယိုကျခြင်းရှိသောသူ တို့ဖြစ်ပါသည်။

(အံ၊၂၊၃၈၀) (၆–မှတ်)

၈-မေး။ နိုင်ငံတစ်ခု တိုးတက်ကြီးပွားလိုသူတို့ အတုယူလိုက်နာသင့်သည့် ဝဇ္ဇီတိုင်းသား လိစ္ဆဝီမင်းသားတို့၏ ကြီးပွားတိုးတက်ကြောင်း တရားတို့မှ နှစ်ခုမြောက်တရားကိုသာ ဖော်ပြ၍၊ "မိတ်ဆွေကောင်းရှိသူသည် သူတော်ကောင်းတရားအားလုံးကို ရရှိနိုင်သည်"ဟု ဆိုရာ မိတ်ဆွေကောင်းနှင့် ပတ်သက်သော ဟောကြားချက်ကို ဒုတိယ သောဝစဿတာသုတ်မှ ထုတ်ပြခဲ့ပါ။

ဖြေ။ လိစ္ဆဝီမင်းသားတို့၏ ကြီးပွားတိုးတက်ကြောင်းတရားတို့မှ နှစ်ခုမြောက်တရား -

အကြင်မျှလောက်သော ကာလပတ်လုံး လိစ္ဆဝီမင်းသားတို့သည် ညီညွတ်ကြကုန်လျက် စည်းဝေးကြကုန်အံ့၊ ညီညွတ်ကြကုန်လျက် အစည်းအဝေးမှ ထကုန်အံ့၊ ညီညွတ်ကြကုန်လျက် ဝဇ္ဇီမင်းတို့ပြုဖွယ်ကိစ္စတို့ကို ပြုကုန်အံ့၊ ထိုမျှလောက်ကာလ ပတ်လုံး လိစ္ဆဝီမင်းသားတို့သည် ဧကန် ကြီးပွါးတိုးတက်ကြကုန်လတ္တံ့။

(အံ၊၂၄၀၈)(၅-မှတ်)

မိတ်ဆွေကောင်းနှင့် ပတ်သက်သော ဟောကြားချက် -

ကိုယ်တိုင်လည်း ကောင်းသော မိတ်ဆွေရှိ၏၊

ကောင်းသော မိတ်ဆွေရှိသည်၏အဖြစ်၌ ချီးမွမ်းဖွယ်ဂုဏ်ကို ပြောဆိုလေ့ရှိ၏၊

မိမိမှတစ်ပါးအခြားကုန်သောရဟန်းတို့သည်ကောင်းသောမိတ်ဆွေမရှိကုန်၊ ထိုရဟန်းတို့ကိုလည်း မိတ်ဆွေကောင်း ရှိဖို့ရန် တိုက်တွန်းကုန်၏၊

မိတ်ဆွေကောင်းရှိသောရဟန်းတို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ထင်ရှားရှိသည်ကို ဟုတ်မှန်သည်ကို ပြောဆိုသင့်ရာအခါ၌ ပြောဆို၏။ (အံ၊၂၄၂၁) (၅-မှတ်)

၉-မေး။ "ဤသူကား မိတ်ဆွေစစ်"ဟု ပြောဆိုနိုင်သည့် မိတ်ဆွေစစ်၏ ခုနစ်ခုမြောက် အင်္ဂါအသီးအသီးကို မိတ္တသုတ်တို့မှ ထုတ်နုတ်ဖော်ပြ၍၊ မြတ်ဗုဒ္ဓ ညွှန်ပြတော်မူအပ်သော မီးတို့တွင် အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်တို့ကို ပူဇော်ခံထိုက်သော မီးဟု ဆိုထိုက်ပါနည်း? ဖြေဆိုပါ။

ဖြေ။ မိတ်ဆွေစစ်၏ ခုနစ်ခုမြောက်အင်္ဂါ - မိမိမိတ်ဆွေ၏စီးပွားဥစ္စာကုန်ခန်းခြင်းကြောင့်အထင်သေးမောက်ကြွားမှုမပြု၊

(ပထမမိတ္တသုတ်) (အံ၊၂၄၂၁)(၂-မှတ်)

အရာဌာနမဟုတ်သည်၌ မစေခိုင်း မတိုက်တွန်း၊ (ဒုတိယမိတ္တသုတ်)(အံ၊၂၄၂၂) (၃-မှတ်)

ပထမမီး - အမိအဖ၊ (၂-မှတ်)

အကြောင်း - ထိုမိဘနှစ်ပါးကြောင့် ဤသားသမီးသည် မသေမပျောက်ရောက်လာ၏၊ ချမ်းသာစွာ ဖြစ်ပေါ်လာ၏၊ ထို့ကြောင့်ပူဇော်ထိုက်၏။ (အံ၊၂၄၂၁-၂) (၃-မှတ်)

၁၀-မေး။ နေမင်းကြီးသုံးစင်း ထွက်ပေါ်လာခြင်းကြောင့် ခမ်းခြောက်နိုင်သော မြစ်ကြီးတို့၏ အမည်တို့ကို ရေး၍၊ နိုင်ငံတစ်နိုင်ငံ၌ ခြံစည်းရိုးကာရံခြင်းကြောင့် ရနိုင်သော အကျိုးတို့ကို နဂရောပမသုတ်မှ ထုတ်ပြကာ၊ သက်တမ်းတိုလှစွာသော ခေတ်ကြီး၌ အရကဆရာကြီး၏ တပည့်တို့အား ဆုံးမညွှန်ပြခဲ့သော ဩဝါဒစကားကို (ဥပမာမပါ) လိုရင်းမျှ ဖော်ပြခဲ့ပါ။

ဖြေ။ နေမင်းကြီးသုံးစင်းထွက်ပေါ်လာခြင်းကြောင့် ခမ်းခြောက်နိုင်သောမြစ်ကြီးတို့၏အမည် -

ဂင်္ဂါမြစ်,ယမုနာမြစ်,အစိရဝတီမြစ်,သရဘူမြစ်,မဟီမြစ် တို့ဖြစ်ပါသည်။ (အံ၊၂၄၇၄) (၂-မှတ်)

အကျိုး - မြို့တွင်း၌နေသောသူတို့အား လုံခြုံစေခြင်း၊

မြို့အပြင်၌တည်ရှိကုန်သောရန်သူတို့ကိုတားမြစ်ရခြင်း ဟူသောအကျိုးများကိုရရှိနိုင်ပါသည်။ (အံ၊၂၄၇၈)

(၄-မှတ်)

ဆုံးမစကားလိုရင်း -

ပုဏ္ဏားဇာတ်ရှိသောသူတို့ လူတို့၏ အသက်သည် အနည်းငယ်မျှသာတည်း တိုတောင်းလှ၏၊ ဖြစ်မှု ပျက်မှုအားဖြင့် လျင်မြန်လှ၏၊ များသော ဒုက္ခရှိ၏၊ များသောပင်ပန်းခြင်းရှိ၏၊ ပညာဖြင့် သိသင့် သိထိုက်၏၊ ကုသိုလ်ပြုသင့်၏၊ မြတ်သောအကျင့်ကို ကျင့်ထိုက်၏၊ မွေးဖွားလာသောသူအား မသေရခြင်း မရှိ- ဟု ဆုံးမပါသည်။ (အံ၊ ၂။ ၅၀၁)

(၄-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**ပဉ္စက+ဆက္က+သတ္တကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်၊ (၁၃. ၆. ၂၀၁၇) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••••••

၁-မေး။ လေ့လာသင်ယူခဲ့သော ဘုရားတရားတော်ကို အကျယ်တဝင့် ဟောပြောပို့ချမှု အလုပ်၌ မမေ့မလျော့ ကြိုးစားနေသူ၏ ရနိုင်သော အကျိုးများကို ရေး၍၊ "တရားအားထုတ်တဲ့အလုပ်ဟာ လူကြီးတွေရဲ့အလုပ်"ဟု အချို့က ပြောဆိုနေကြရာ ယင်းစကားသည် ဘုရားအလိုတော်နှင့် ကိုက်ညီမှုရှိ/မရှိ အကြောင်းပြကာ ဆုံးဖြတ်ပါ။

ဖြေ။ လေ့လာသင်ယူခဲ့သော ဘုရားတရားတော်ကို အကျယ်တဝင့်ဟောပြောပို့ချမှုအလုပ်၌ မမေ့မလျော့ကြိုးစားနေသူ၏ ရနိုင်သော အကျိုးများ-

၁၊ ကိလေသာတို့မှ မလွတ်မြောက်သေးသောစိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်း၊

၂၊ မကုန်ခမ်းသေးသော အာသဝတို့၏ ကုန်ခမ်းခြင်းသို့ ရောက်ခြင်း၊

၃၊ မရောက်အပ်သေးသော သာလွန်မြတ်သောတရားမရှိသော ယောဂလေးဖြာဘေးကုန်ရာနိဗ္ဗာန်သို့ ရောက်ခြင်း။

(အံ၊၂။၁၈။)(၅-မှတ်)

"တရားအားထုတ်တဲ့အလုပ်ဟာ လူကြီးတွေရဲ့အလုပ်"ဟု အချို့က ပြောဆိုနေကြရာ ယင်းစကားသည် ဘုရားအလိုတော်နှင့် ကိုက်ညီမှုရှိ/မရှိ အကြောင်းပြ ဆုံးဖြတ်--

အိုမင်းရင့်ရော်ရာ အခါသည် ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါ မသင့်လျော်သော အခါတို့တွင် ပါဝင်သောကြောင့်လည်းကောင်း၊ ငယ်ရွယ်နုပျိုရာအခါသည်ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါသင့်လျော်သောအခါတို့တွင်ပါဝင်သောကြောင့်လည်းကောင်း

"တရားအားထုတ်တဲ့အလုပ်ဟာ လူကြီးတွေရဲ့အလုပ်"ဟု အချို့က ပြောဆိုနေကြရာ ယင်းစကားသည် ဘုရားအလိုတော်နှင့် ကိုက်ညီမှု မရှိပါ။ (အံ၊၂။၅၈။)(၅-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၂-မေး။ ဘာဝနာစိတ်ပညာကို မပွားများထားသော ရှင်ရဟန်းတို့၏ သင်ယူစရာအဖြစ် မှတ်ထင်အပ်သော တရား/ မမှတ်ထင်အပ်သော တရားတို့ကို ခွဲခြားပြ၍၊ လူပေါင်းမှားပြီး မပျက်စီးရလေအောင် မိတ်ဆွေအဖြစ် မပေါင်းသင်း မချဉ်းကပ်သင့်သော ရဟန်း၏ အမူအကျင့်များကိုလည်း ပဋ္ဌကနိပါတ်မှ ထုတ်နှုတ်တင်ပြပါ။

ဖြေ။ ဘာဝနာစိတ်ပညာကို မပွားများထားသော ရှင်ရဟန်းတို့၏ သင်ယူစရာအဖြစ် မှတ်ထင်အပ်သော တရားတို့ကား -

ကဗျာပညာရှိတို့၏ အမှုလုပ်ငန်းလက်စွမ်းဖြစ်ကုန်သော ကဗျာဆရာတို့ဖွဲ့သီအပ်ကုန်သော ဆန်းကြယ်သော အက္ခရာဗျည်းရှိကုန်သော ဤသာသနာတော်မှ အပဍ္ဍဖြစ်ကုန်သော (ထိုထိုသာသနာပဆရာတို့၏) တပည့်များ ဟောကြားအပ်ကုန်သော သီချင်းကဗျာ ဂါထာဖြစ်သော သုတ္တန်များ။ (၃-မှတ်)

သင်ယူစရာအဖြစ် မမှတ်ထင် အပ်သော တရားတို့ကား -

ဘုရားရှင်ဟောတော်မူအပ်ကုန်သော နက်နဲကုန်သော နက်နဲသော အနက်အဓိပ္ပါယ်ရှိကုန်သော လောကကို လွန်မြောက်သော တရားရှိကုန်သော သတ္တဝါကောင်အတ္တကောင်မှ ဆိတ်သုဉ်းသော ခန္ဓာဓာတ်စသော တရားသဘောသက်သက်နှင့်သာ စပ်ဆိုင်ကုန်သော သုတ္တန်တရားတော်များ။ (အံ၊၂။၉၄။)(၃-မှတ်)

လူပေါင်းမှားပြီး မပျက်စီးရလေအောင် မိတ်ဆွေအဖြစ် မပေါင်းသင်းမချဉ်းကပ်သင့်သော ရဟန်း၏ အမူအကျင့်များ -

၁၊ လုပ်ငန်းကိစ္စကို ပြုလုပ်စေခြင်း၊

၂၊ အဓိကရုဏ်းကို စွဲကိုင်ယူငင်ခြင်း၊ (ပြဿနာဖန်တီးခြင်း)

၃၊ အကြီးအမှူးဦးစီးခေါင်းဆောင်တို့၌ ဆန့်ကျင်ဘက်လုပ်ခြင်း၊

၄၊ ကြာရှည်စွာ လှည့်လည်သွားလာခြင်းကို အချိန်ကန့်သတ်ချက်မရှိ လှည့်လည်သွားလာခြင်းကို ကြိုးစား အားထုတ်လျက် နေခြင်း၊

၅၊ သင့်လျော်သည့်အခါတိုင်းအခါတိုင်း၌ တရားရှိသော စကားဖြင့် ကောင်းစွာ မြင်စေခြင်းငှါ ဆောက်တည်စေခြင်းငှါ ကောင်းစွာ ထက်သန်စေခြင်းငှါ ကောင်းစွာ အပြားအားဖြင့် ရွှင်လန်းစေခြင်းငှါ မစွမ်းနိုင်ခြင်း။ (အံ၊၂။၁၅၁။)(၄-မှတ်)

၃-မေး။ မိမိတို့ကို မတရားအနိုင်ကျင့်ခဲ့သော ပုဂ္ဂိုလ်တို့အပေါ်၌ ဖြဟ္မစိုရ်တရားလက်ကိုင်မထားဘဲ အာဃာတရန်ငြိုးကို ပယ်ဖျောက်နိုင်သော နည်းလမ်းတို့ကို ပဌမအာဃာတပဋိဝိနယသုတ်နှင့်အညီ ဖြေဆို၍၊ ပိဂိယာနီပုဏ္ဏားက ကာရဏပါလီပုဏ္ဏားအား ပြောပြခဲ့သော ဘုရားတရားတော်၏ စွမ်းအင်တို့တွင် လေးခုမြောက်စွမ်းအင်ကိုသာ ဥပမာနှင့်တကွ ဖော်ထုတ်ပြပါ။

ဖြေ။ မိမိတို့ကို မတရားအနိုင်ကျင့်ခဲ့သော ပုဂ္ဂိုလ်တို့အပေါ်၌ ဖြဟ္မစိုရ်တရားလက်ကိုင်မထားဘဲ အာဃာတရန်ငြိုးကို ပယ်ဖျောက်နိုင်သော နည်းလမ်းကား-

ထိုပုဂ္ဂိုလ်အပေါ်၌ အမှတ်မရခြင်း၊ နှလုံးမသွင်းခြင်း၊ (၃-မှတ်)

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသူ၏အဖြစ်ကို နှလုံးသွင်းခြင်း၊ (အံ၊၂။၁၆၃။) (၂-မှတ်)

ပိဂိယာနီပုဏ္ဏားက ကာရဏပါလီပုဏ္ဏားအား ပြောပြခဲ့သော ဘုရားတရားတော်၏ စွမ်းအင်တို့တွင် လေးခုမြောက် စွမ်းအင်-

အနာရောဂါစွဲကပ်နေသော ဒုက္ခရောက်နေသော အပြင်းအထန်မကျန်းမာနေသော ယောက်ျား၏ အနာရောဂါကို ကျွမ်း ကျင်သော ဆေးဆရာသည် တစ်ခဏချင်းအားဖြင့် ဖယ်ရှားပစ်နိုင်သကဲ့သို့ (၂-မှတ်)

ဤအတူ ထိုအရှင်ဂေါတမ၏ အကြင်အကြင် တရားစကားထဲက သုတ်ဘက်ကသော်လည်းကောင်း ဂေယျဘက် ကသော်လည်းကောင်း ဝေယျာကရဏဘက်က သော်လည်းကောင်း အဗ္ဘုတဓမ္မဘက်ကသော် လည်းကောင်း တရားကို နာယူပြားအံ့၊ ထိုထို သုတ္တဂေယျစသောတရား တော်ကြောင့် ဝမ်းနည်းပူဆွေးခြင်း ငိုကြွေးမြည် တမ်းခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းထန်စွာပင်ပန်းခြင်း တို့သည် ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။

(အံ၊၂။၂၀၇။)(၃-မှတ်)

•••••••••••••••••••••••••••••••••••••••••••••

၄ - မေး။ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေသော ပစ္စည်းဥစ္စာတို့၌ ရနိုင်သော အကျိုးအာနိသင်ငါးမျိုးကို ဖော်ပြ၍၊ သိန်းတစ်သောင်း ထီဆုကြီးပေါက်ခြင်းထက် အဆများစွာ သာလွန်သော အနှိုင်းမဲ့လာဘ်ရခြင်းကိုလည်း ဖြေဆိုပါ။

ဖြေ။ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေသော ပစ္စည်းဥစ္စာတို့၌ ရနိုင်သော အကျိုးအာနိသင်ငါးမျိုး -

ပစ္စည်းဥစ္စာတို့ကို မှီ၍

၁၊ မိမိကိုယ်ကို ချမ်းသာစေခြင်း ပြည့်ဖြိုးစေခြင်း ကောင်းစွာ ချမ်းသာကို ဆောင်ခြင်း၊

၂၊ မိဘတို့ကို ချမ်းသာစေခြင်း ပြည့်ဖြိုးစေခြင်း ကောင်းစွာ ချမ်းသာကို ဆောင်ခြင်း၊

၃၊ သားမယားကျွန်အလုပ်သမားမှီခိုအသက်မွေးသူတို့ကို ချမ်းသာစေခြင်း ပြည့်ဖြိုးစေခြင်း ကောင်းစွာ ချမ်းသာကို ဆောင်ခြင်း၊

၄၊ မိတ်ဆွေသူငယ်ချင်းတို့ကို ချမ်းသာစေခြင်း ပြည့်ဖြိုးစေခြင်း ကောင်းစွာ ချမ်းသာကို ဆောင်ခြင်း၊

၅၊ ရဟန်းသူတော်ကောင်းတို့ကို (အထက်အထက်နတ်ပြောက်ဘုံတို့၌ ကံအကျိုးရှိသော နတ်ပြည်၏ အစီးအပွား ဖြစ်သော သုခသက်သက်ဖြစ်သော အကျိုးဝိပါက်ရှိသော လွန်စွာမြင့်မြတ်သော အကျိုးထူးတို့ကို ဖြစ်စေတတ်သော) ဒါနကုသိုလ်ကို တည်စေခြင်း။ (အံ၊ ၂။ ၂၂၆။ ၂၂၇။) (၅ - မှတ်)

အနှိုင်းမဲ့လာဘ်ရခြင်း -

သက်ဝင်တည်နေသောကြည်ညိုချစ်ခင်မှုရှိသည် တစ်ခုတည်းသောအဖို့သို့ရောက်သည် အလွန်အကဲကြည်ညိုသည် ဖြစ်၍ ဘုရားရှင်၌လည်းကောင်း ဘုရားရှင်၏ တပည့်အရိယာ၌လည်းကောင်း ကြည်ညိုမှုသဒ္ဓါလာဘ်ရခြင်း။

(အံ၊ ၂။ ၂၇၇၊ ၂၈၈။) (၅ - မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၅-မေး။ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးရာ ယခုအခါ၌ ဘုရားအဆုံးအမသာသနာ ကြာရှည်စွာ မတည်တံ့ခြင်းသည် ဗုဒ္ဓဘာသာဝင်ကြောင့်လော/အခြားဘာသာဝင်ကြောင့်လော? ဆက္ကနိပါတ် ကိမိလသုတ်နှင့်အညီ သုံးသပ်ဆုံးဖြတ်၍၊ လာဘ်ရမှု ပူဇော်ခံရမှု ထင်ပေါ်မှု ချမ်းသာနောက်သို့ လိုက်ကာ သာယာနေကြသော ပုဂ္ဂိုလ်များရှိကြရာ ယင်းသို့ သာယာနေကြရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

ဖြေ။ သုံးသပ်ဆုံးဖြတ်ချက် -

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးလတ်သော် ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် ဘုရား၊ တရား၊ သံဃာ၊ သိက္ခာ၊ မမေ့လျော့မှုသတိ၊ ပဋိသန္ထာရတို့၌ ရိုသေလေးစားမှုမရှိကုန်သည် မှီခိုးအားထားကိုးစားခြင်းမရှိကုန်သည်ဖြစ်၍ နေကြခြင်းကြောင့် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက်၌ သာသနာသည် ကြာရှည်စွာတည်ခြင်းမရှိ - ဟု ဘုရားရှင်မိန့်တော်မူရကား - (၄-မှတ်)

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးရာ ယခုအခါ၌ ဘုရားအဆုံးအမသာသနာ ကြာရှည်စွာ မတည်တံ့ခြင်းသည် ဗုဒ္ဓဘာသာဝင်ကြောင့်ဖြစ်ပါသည်။ အခြားဘာသာဝင်ကြောင့် မဟုတ်ပါ။ (အံ၊၂။၂၉၈။)(၁-မှတ်)

လာဘ်ရမှု ပူဇော်ခံရမှုထင်ပေါ်မှုချမ်းသာနောက်သို့ လိုက်ကာ သာယာနေကြသော ပုဂ္ဂိုလ်များ ရှိကြရာ ယင်းသို့ သာယာနေကြ ရခြင်း၏ အကြောင်းကား -

ကာမမှ ထွက်မြောက်သောချမ်းသာကိုလည်းကောင်းအပေါင်းအဖော်ကိလေသာတို့နှင့် ပေါင်းဆုံခြင်းမှ ကင်းရှင်းသော ချမ်းသာကိုလည်းကောင်း ရာဂစသည်ကင်းငြိမ်းကြောင်းချမ်းသာကိုလည်းကောင်း အရိယမဂ်ကို ဖြစ်စေတတ်သော ချမ်းသာကိုလည်းကောင်း အလိုရှိတိုင်းရနိုင်ခြင်း ရှိသည် အခက်အခဲမရှိ ရနိုင်ခြင်းရှိသည် များပြားစွာ ရနိုင်ခြင်းရှိသည် မဖြစ်သောကြောင့်။ (အံ၊၂။၃၀၁။)(၅-မှတ်)

၆-မေး။ အကျဉ်းထောင်ဟူသမျှတို့တွင် တရားထူးတရားမြတ်ရရေးအတွက် အန္တရာယ်ပြုနိုင်သော အကြမ်းတမ်းဆုံးအကျဉ်းထောင်တို့ကို ဖော်ပြ၍၊ ဒကာဒကာမများ လှူဒါန်းအပ်သော သင်္ကန်းကို ဝတ်ရုံသုံးစွဲသော ရဟန်းချင်းတူပါလျက် အဘယ်အကြောင်းတို့ကြောင့် အချို့ရဟန်းသည် ကဲ့ရဲ့ထိုက်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ အကျဉ်းထောင်ဟူသမျှတို့တွင် တရားထူးတရားမြတ်ရရေးအတွက် အန္တရာယ်ပြုနိုင်သော အကြမ်းတမ်းဆုံးအကျဉ်းထောင်ကား - ငရဲဘုံဟူသော အကျဉ်းထောင်၊ တိရစ္ဆာန်ဘုံဟူသော အကျဉ်းထောင်။ (အံ၊ ၂။ ၃၁၀။) (၂+၂=၄-မှတ်)

ဒကာဒကာမများ လှူဒါန်းအပ်သော သင်္ကန်းကို ဝတ်ရုံသုံးစွဲသော ရဟန်းချင်းတူပါလျက်

စိတ်ပျံ့လွင့်ခြင်း၊ မြင့်တက်လွင့်လူကျူးရှုံးနှင့်တူသောမာနရှိခြင်း၊ လျှပ်ပေါ်လော်လီခြင်း၊ ရိုင်းစိုင်းကြမ်းတမ်းသော နှုတ်ခွန်း စကားရှိခြင်း၊ ဖရိုဖရဲဖွာကြဲသော စကားရှိခြင်း၊ လွတ်ကင်းသောသတိရှိခြင်း၊ ကောင်းစွာ ဆင်ခြင်မသိမြင်ခြင်း၊ စိတ် မတည်ကြည်ခြင်း၊ အာရုံအများလှည့်လည်သွားလာသော စိတ်ရှိခြင်း၊ လူ၏အသွင်ပေါ်လွင်သော ဣန္ဒြေရှိခြင်းဟူသော အကြောင်းစုကြောင့် အချို့ရဟန်းသည် ကဲ့ရဲ့ထိုက်ပါသည်။ (အံ၊ ၂။ ၃၄၄။) (၆-မှတ်)

၇-မေး။ မျက်မှောက်ဘဝ၌ပင် ကိုယ်ချမ်းသာစိတ်ဝမ်းသာမှုများရှိလျက် နေထိုင်ရခြင်း၏ အကြောင်းဖြစ်သော ပျော်စရာများကို သုခသောမနဿသုတ်မှ ထုတ်နုတ်ဖော်ပြ၍၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း၏ အကျိုးအာနိသင်ခြောက်မျိုးတို့တွင် နောက်ဆုံးနှစ်မျိုးကိုသာ ရေးပါ။

ဖြေ။ မျက်မှောက်ဘဝ၌ပင် ကိုယ်ချမ်းသာစိတ်ဝမ်းသာမှုများရှိလျက် နေထိုင်ရခြင်း၏ အကြောင်းဖြစ်သော ပျော်စရာများ

၁၊ တရား၊

၂၊ သတိပဋ္ဌာန်စသော တရားဖြစ်ပွားစေခြင်းကိစ္စ၊

၃၊ ကိလေသာတို့ကို ပယ်သတ်ခြင်းကိစ္စ၊

၄၊ အပေါင်းအဖော်ကိလေသာတို့နှင့် ကင်းရှင်းဆိတ်သုဉ်းမှု၊

၅၊ ကိုယ်စိတ်ဒုက္ခမရှိခြင်း၊

၆၊ ကိလေသာနယ်ချဲ့မရှိရာ နိဗ္ဗာန်၊ (အံ၊ ၂။၃၇၆။)(၆-မှတ်)

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း၏ အကျိုးအာနိသင်ခြောက်မျိုး တို့တွင် နောက်ဆုံးနှစ်မျိုး-

၁၊ အကြောင်း(ပဋိစ္စသမုပ္ပါဒ်)တရားကိုလည်း ကောင်းစွာ မြင်အပ်ပြီးဖြစ်ခြင်း၊

၂၊ အကြောင်းပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်ကုန်သော အကျိုးပစ္စယုပ္ပန်တရားတို့ကိုလည်း ကောင်းစွာ မြင်အပ်ပြီးဖြစ်ခြင်း။ (အံ၊ ၂။၃၈၄။)(၂+၂=၄-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၈-မေး။ ချမ်းသာစွာ အသက်မွေးရသော ပညာရှင်၏ သန္တာန်၌ ရှိသော စွမ်းအား(ဗလ) ခုနစ်တန်ကို ဖော်ပြ၍၊ ညီညီညွတ်ညွတ် စုပေါင်းအုပ်ချုပ်ကာ ကြီးပွားတိုးတက်နေသော ဝဇ္ဇီနိုင်ငံတော်သည် အဘယ်အကြောင်းများကြောင့် ရန်သူ့လက်အောက် ကျရောက်သွားရပါသနည်း? ဖြေဆိုပြီး၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သောပုဂ္ဂိုလ်၏ ကြီးပွားကြောင်း တရားတို့တွင် ရှေးဆုံးနှစ်ပါးကိုသာ ညွှန်ပြပါ။

ဖြေ။ ချမ်းသာစွာ အသက်မွေးရသော ပညာရှင်၏ သန္တာန်၌ ရှိသော စွမ်းအာ(ဗလ) ခုနစ်တန်

သဒ္ဓါစွမ်းအား၊ ဝီရိယစွမ်းအား၊ ဟိရီစွမ်းအား၊ ဩတ္တပ္ပစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအား၊

(အံ၊၂။၃၉၆။)(၄-မှတ်)

ညီညီညွတ်ညွတ် စုပေါင်း အုပ်ချုပ်ကာ ကြီးပွားတိုးတက်နေသော ဝဇ္ဇီနိုင်ငံတော်သည် ချော့မော့ပြောနည်း ပစ္စည်းပေးနှင်းသိမ်းသွင်းခြင်းနှင့်အချင်းချင်းစိတ်ဝမ်းကွဲအောင် သွေးခွဲခြင်းတို့ကြောင့်ရန်သူ့လက်အောက်ကျရောက် သွားနိုင်ပါသည်။ (အံ၊၂။၄၁၂။)(၃-မှတ်)

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သောပုဂ္ဂိုလ်၏ ကြီးပွားကြောင်းတရားတို့တွင် ရှေးဆုံးနှစ်ပါးကား -

၁၊ ရဟန်းကို ဖူးမြင်ခြင်းငှါ သွားခြင်းကို မယုတ်လျော့စေခြင်း၊

၂၊ သူတော်ကောင်းတရားနာယူခြင်းကို မမေ့လျော့ခြင်း။ (အံ၊၂။ ၄၁၆။)(၃-မှတ်)

၉-မေး။ လောင်တတ်သော မီးအမျိုးမျိုးရှိရာ အဘယ်မီးတို့ကို အဘယ်သို့ ပြုလုပ်သင့်ပါသနည်း? မီးမလောင်ရေး နည်းလမ်းပေးကာ ဖြေဆိုၡ၍ စကားပြောဆိုရာတွင် ကန့်လန့်တိုက်ကာ ဆန့်ကျင်ဘက်ပြောဆိုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးအဆက်အဆက်ကိုလည်း ရှောင်ရှားနိုင်အောင် ဖော်ပြပါ။

ဖြေ။ မီးမလောင်ရေး နည်းလမ်း

ရာဂမီး ဒေါသမီး မောဟမီးတို့ကို ပယ်ထိုက်ကုန်၏၊ ရှောင်ကြဉ်ထိုက်ကုန်၏၊ မမှီဝဲထိုက်ကုန်။ (၂-မှတ်)

မိဘဟူသောမီး အိမ်ရှင်လင်ယောကျ်ားကဲ့သို့ လှည့်လည်တတ်သောမီး အလှူခံပုဂ္ဂိုလ်ဟူသောမီးတို့ကို ရိုသေစွာ ပြု၍ အလေးဂရုပြု၍ မြတ်နိုးပူဇော်၍ ကောင်းစွာ ချမ်းသာအောင် ပြုစုစောင့်ရှောက်ထိုက်ကုန်၏။ (၂-မှတ်)

ထင်းမီးကို ရံခါ တောက်စေထိုက်၏၊ ရံခါ လျစ်လျူရှုထိုက်၏၊ ရံခါ ငြိမ်းစေထိုက်၏၊ ရံခါ မငြိမ်းသတ်ပဲ ထားထိုက်၏။

(အံ၊၂။၄၃၁၊၄၃၂။)(၂-မှတ်)

စကားပြောဆိုရာတွင် ကန့်လန့်တိုက်ကာ ဆန့်ကျင်ဘက်ပြောဆိုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုး အဆက်အဆက်ကား -

ကန့်လန့်တိုက်ကာ ဆန့်ကျင်ဘက်စကားဖြစ်လျှင် စကားများမှု ဖြစ်မည်။

စကားများမှုဖြစ်လျှင် ပျံ့လွင့်မှုဖြစ်မည်။

ပျံ့လွင့်သော သူအား ကိုယ်နှုတ်မစောင့်စည်းမှု ဖြစ်မည်။

ကိုယ်နှုတ်မစောင့်စည်းသူ၏ စိတ်သည် သမာဓိမှ ဝေးကွာ၏။ (အံ၊၂။၄၆၄။)(၁+၁+၁+၁=၄-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁၀-မေး။ သီလမရှိသော ရှင်ရဟန်းအတွက် သဒ္ဓါတရားဖြင့် လှူအပ်သော ဆွမ်းကို စားခြင်းထက် ရဲရဲနီနေသော သံတုံးပူကို မျိုချခြင်းက သာလွန်ကောင်းမွန်ပုံကိုရှင်းပြ၍၊ လူ့သက်တမ်းအလွန်တိုတောင်းကြောင်းကိုအရကဆရာကြီးပြသော ဥပမာတို့တွင်နောက်ဆုံးဥပမာကိုညွှန်ပြလျက်ယင်းသုတ္တန်၌လာသောဘုရားရှင်တို့၏အဆုံးအမ(အနုသာသနီ)ကို လည်း ဖော်ပြပါ။

ဖြေ။ သီလမရှိသော ရှင်ရဟန်းအတွက် သဒ္ဓါတရားဖြင့် လှူအပ်သော ဆွမ်းကို စားခြင်းထက် ရဲရဲနီနေသော သံတုံးပူကို မျိုချခြင်းက သာလွန်ကောင်းမွန်ပုံ- -

သီလမရှိသော ရှင်ရဟန်းသည် ရဲရဲနီနေသော သံတုံးပူကို စားခြင်းဟူသောအကြောင်းကြောင့် သေခြင်းသို့ သော်လည်းကောင်း သေလောက်သောအတိုင်းအရှည်ရှိသော ဆင်းရဲသို့သော်လည်းကောင်း ရောက်ရာ၏။
ထိုသံတုံးပူကို စားခြင်းဟူသောအကြောင်းကြောင့် အပါယ်ငရဲသို့ မလားရောက်ရာ။ (၂-မှတ်)
သဒ္ဓါတရားဖြင့် လှူအပ်သော ဆွမ်းကို စားခြင်းသည် ထိုသီလမရှိသော ရှင်ရဟန်းအတွက် ရှည်စွာ နေ့ညဥ့်ပတ်လုံး စီးပွားမဲ့အလို့ငှါ ဆင်းရဲခြင်းငှါ ဖြစ်၏၊ သေပြီးနောက်၌ အပါယ်ငရဲသို့ လားရောက်ရ၏။ (အံ၊၂။၄၉၈။) (၃-မှတ်)

လူ့သက်တမ်းအလွန်တိုတောင်းကြောင်းကို အရကဆရာကြီး ပြသော ဥပမာတို့တွင် နောက်ဆုံးဥပမာကား -
အသတ်ခံရတော့မည်ဖြစ်သော နွားမသည် နွားသတ်ရာဌာနသို့ ဆွဲငင်ခေါ်ဆောင်အပ်လတ်သော်ကြွလှမ်းအပ်သမျှ သော ခြေလှမ်းတိုင်းသည် အသတ်ခံရခြင်း၏ အနီး၌သာ ဖြစ်သကဲ့သို့ သေခြင်း၏ အနီး၌သာ ဖြစ်သကဲ့သို့တည်း (အသတ်ခံရတော့မည့် နွားမဥပမာ။) (အံ၊၂။ ၅၀၂။)(၂-မှတ်)

ယင်းသုတ္တန်၌ လာသောဘုရားရှင်တို့၏အဆုံးအမ(အနုသာသနီ)
ရဟန်းတို့ သမထဝိပဿနာတရား ရှုပွားကြကုန်လော့၊
မမေ့မလျော့ကြကုန်လင့်၊
နောင်အခါ၌ နောင်တရနေကြကုန်သည် မဖြစ်ကြကုန်လင့်။ (အံ၊၂။၅၀၄။)(၁+၁+၁=၃-မှတ်)

၁၃၈၀ /2018 ခု

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ပဉ္စက+ဆက္က+သတ္တကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၁။ ချီးမြှောက်ခြင်းငါးမျိုးဖြင့် ချီးမြှောက်အပ်သော သမ္မာဒိဋ္ဌိ၏အကျိုးများကို ဖော်ပြ၍၊ အမြတ်ဆုံးမမွေးခေါ် ဆိုရသော တရားတို့တွင် နှစ်ခုမြောက်တရား၏ နှစ်ခုမြောက်, လေးခုမြောက်ဂုဏ်ရည်များကို ထုတ်ပြကာ၊ ဝေသာလီပြည်သား ဥဂ္ဂ၏ မြတ်နိုးဖွယ်အလှူတို့တွင် အိပ်ရာကုတင်၏ ဂုဏ်ရည်တို့မှ နောက်ဆုံးလေးခုတို့ကို ဖြေဆိုပါ။

၁။ အဖြေ=

ချီးမြှောက်ခြင်းငါးမျိုးဖြင့် ချီးမြှောက်အပ်သော သမ္မာဒိဋ္ဌိ၏အကျိုးများ--

ကိလေသာတို့မှ လွတ်မြောက်သော မဂ်ဖိုလ်သမာဓိစိတ်ဟူသော အကျိုး၊ ကိလေသာတို့မှ လွတ်မြောက်သော မဂ်ဖိုလ်သမာဓိဟူသော အကျိုးအာနိသင်၊ ကိလေသာတို့မှ လွတ်မြောက်သော ဖိုလ်ပညာဟူသော အကျိုး၊ ကိလေသာတို့မှ လွတ်မြောက်သော ဖိုလ်ပညာဟူသော အာနိသင်။ (အံ ၂-၁၇) (၄-မှတ်)

အမြတ်ဆုံးမမွေးခေါ် ဆိုရသောတရားတို့တွင် နှစ်ခုမြောက်တရား၏ နှစ်ခုမြောက်ဂုဏ်ရည်-

ပိပါသတရားအားလုံးတို့ကို ပယ်ရှားအပ်ရာဖြစ်ခြင်း၊ (၁-မှတ်)

လေးခုမြောက်ဂုဏ်ရည်- ဝဋ္ဋတို့၏ ပြတ်စဲရာဖြစ်ခြင်း။ (အံ ၂-၃၀) (၁-မှတ်)

ဝေသာလီပြည်သား ဥဂ္ဂ၏ မြတ်နိုးဖွယ်အလှူတို့တွင် အိပ်ယာကုတင်၏ ဂုဏ်ရည်တို့မှ နောက်ဆုံးလေးခု-

အားလုံးစုံပန်းပြောက်ချယ်အပ်သော သားမွေးအခင်းဖြင့်လည်း ခင်းအပ်သော၊ ဝံပိုင်မည်သော သားကောင်၏ အရေဖြင့်ပြီးသော မြတ်သောအခင်းဖြင့် ခင်းထားအပ်သော၊ နီမြန်းသော အိပ်ယာလွှမ်းအခင်းနှင့်တကွလည်းဖြစ်သော၊ ခြေရင်းခေါင်းရင်းနှစ်ဘက်တို့၌ နီမြန်းသော ခြေအုံးခေါင်းအုံးနှစ်လုံးရှိသော။(အံ ၂-၄၃) (၄-မှတ်)

---

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ပဉ္စက+ဆက္က+သတ္တကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၂။ "ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏"ဟု ဆင်ခြင်သောသူတို့ ပယ်အပ်သောတရားကို တိကျစွာဖြေဆို၍၊ "လိစ္ဆဝီတို့သည် ကြီးပွားကုန်လတ့်"ဟု ပြောဆိုသော မဟာနာမ်အား မိန့်ကြားတော်မူအပ်သော ကြီးပွားကြောင်းတရားတို့တွင် သုံးခုမြောက်တရားကို ဖော်ပြကာ၊ ထေရဝင်္ဂလာ သီတင်းသုံးဖော်တို့၏ ချစ်ခင်မြတ်နိုးမှုကို ခံယူနိုင်ရန် ပြည့်စုံရမည့် ထေရဂုဏ်ရည်တို့တွင် ငါးခုမြောက်, ဆယ်ခုမြောက်, နှစ်ဆယ့်တစ်ခုမြောက် ထေရ ဂုဏ်ရည်တရားတို့ကို ထုတ်ပြပါ။

၂။ အဖြေ=

``ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏`` ဟု ဆင်ခြင်သောသူတို့ ပယ်အပ်သောတရားကား- သတ္တဝါတို့၏ ချစ်ခင်သူတို့၌ စိတ်နှလုံးကို တိုးပွားစေတတ်သူတို့၌ လိုလားခြင်း စွဲမက်ခြင်းဖြစ်ပါသည်။(အံ ၂-၆၈) (၂-မှတ်)

၃။ သမဏသုခမာလသုတ်လာ ရောဂါဖြစ်ကြောင်းတို့တွင် အလယ်နှစ်ခုကို ထုတ်ပြ၍၊ အသက်ရှည်ကြောင်း နည်းလမ်းကောင်းတို့တွင် သုံးခုမြောက်, ကိုးခုမြောက်နည်းလမ်းကောင်းတို့ကို ဖြေဆိုကာ၊ သာရန္ဒဒသုတ်လာ လိစ္ဆဝီတို့အား ဟောကြားတော်မူအပ်သော ရတနာငါးပါးတို့တွင် နောက်ဆုံး (၂) မျိုးနှင့် မိတ္တသုတ်လာ ပေါင်းသင်းမှီဝဲထိုက်သော မိတ်ဆွေ၏ သုံးခုမြောက်, လေးခုမြောက်ဂုဏ်ရည်တို့ကို ရေးသားပါ။

၃။ အဖြေ==

သမဏသုခမာလသုတ်လာ ရောဂါဖြစ်ကြောင်းတို့တွင် အလယ်(၂)ခု--

သလိပ် သည်းခြေ လေ သုံးမျိုးတို့ မညီမမျှပေါင်းစုမိခြင်း၊ (၂-မှတ်)

လွန်ကဲသော အအေးအပူဥတု ပြောင်းလဲ ဖောက်ပြန်ခြင်း၊ (အံ ၂-၁၁၅) (၂-မှတ်

အသက်ရှည်ကြောင်းနည်းလမ်းကောင်းများ--

သုံးခုမြောက်နည်းလမ်း- ကျေကျက်နိုင်သော အစာကို စားလေ့ရှိခြင်း၊

ကိုးခုမြောက်နည်းလမ်း- သီလရှိခြင်း၊ (အံ ၂-၁၂၈) (၂-မှတ်)

သာရန္ဒရသုတ်လာ လိစ္ဆဝီတို့အား ဟောကြားသော ရတနာငါးပါးတွင် နောက်ဆုံး(၂)မျိုး--

မြတ်စွာဘုရား ဟောကြားသိစေတော်မူအပ်သော သုတ်အဘိဓမ္မာဝိနည်းကို ဟောကြားအပ်လသော် သိနားလည်သည့်ဖြစ်၍ လောကုတ္တရာတရားကိုးပါးအားလျော်သော သီလနှင့်တကွသော ရှေ့ပိုင်းအကျင့်တရားကို ကျင့်သော ပုဂ္ဂိုလ်၊

သူတစ်ပါးပြုအပ်ဖူးသော ကျေးဇူးကို သိတတ်သော သူတပါးပြုဖူးသော ကျေးဇူးကို ထင်ရှားဖော်ပြတတ်သော ပုဂ္ဂိုလ်။

(အံ၂-၁၄၉) (၂-မှတ်)

မိတ္တသုတ်လာ ပေါင်းသင်းမှီဝဲထိုက်သော မိတ်ဆွေများ၏ သုံးခုမြောက်ဂုဏ်ရည်--

အကြီးအမှူးဦးစီးခေါင်းဆောင်ဖြစ်ကုန်သော ရဟန်းတို့၌ ဆန့်ကျင်ဘက်ကို မပြုလုပ်ခြင်း၊ (၂-မှတ်)

လေးခုမြောက်ဂုဏ်ရည်-- ထိုထိုဤဤ ကြာရှည်စွာ လှည့်လည်သွားလာခြင်းကို အချိန်ကာလကန့်သတ်ချက်မရှိ လှည့်လည်သွားလာခြင်းကို အားမထုတ်ခြင်း၊ (အံ ၂- ၁၅၁) (၂-မှတ်)

၄။ (က) အရှင်အာနန္ဒာအလို အမြတ်ဆုံးဘဝခန္ဓာအတ္တဘော၊ (ခ) အရည၀င် ခုနှစ်ခုမြောက်သုတ်လာ ရဟန်းအမျိုးအစား၊ (ဂ) ကြီးမားသောပညာကို ဖြစ်စေတတ်သောအလုပ်၊ (ဃ) သူတစ်ပါးတို့၏ ကြည်ညိုလေးစားမှုကို မတိုးပွားစေသော ကျောင်းထိုင်ရဟန်း၏ လေးခုမြောက်အင်္ဂါ၊ (င) သမ္မုတိပေယျာလလာ ဆယ်ခုမြောက်သမ္မုတိတို့ကို ရေးပါ။

၄။ အဖြေ==

(က)အရှင်အာနန္ဒအလို အမြတ်ဆုံးသော ဘဝခန္ဓာအတ္တဘော--

အကြင်ဘဝခန္ဓာဟူသော အတ္တဘော၌ ဖြစ်နိုက်တည်နေနိုက်ပုဂ္ဂိုလ်မှာ နောင့်ယှက်ဆီးတား အန္တရာယ်မရှိသောအားဖြင့် အာသဝေါတို့၏ ကုန်ရာ အရဟတ္တဖိုလ်ဖြစ်ပေါ်လာ၏ ထိုဘဝခန္ဓာအတ္တဘော။ (အံ ၂-၁၇၈) (၂-မှတ်)

(ခ) အရည၀င်လာ ခုနှစ်ခုမြောက်သုတ်လာ ရဟန်းအမျိုးအစား--

ဦးစွာပထမ ခင်းကျင်းညွှန်ကြားချထားအပ်သော အိပ်ယာနေရာကျောင်း၌သာ နေလေ့ရှိသော ရဟန်း။(အံ ၂-၁၉၄) (၂-မှတ်)

(ဂ) ကြီးမားသော ပညာကို ဖြစ်စေတတ်သောအလုပ်--

သိလိုသော တရားမေးမှုကို မေးမြန်းခြင်း၊ သိလိုသော တရားမေးမှုကို စစ်ဆေးခြင်း၊ တရားကို နာယူခြင်း။(အံ ၂-၂၁၃) (၂-မှတ်)

(ဃ) သူတစ်ပါးတို့၏ ကြည်ညိုလေးစားမှုကို မတိုးပွားစေသော ကျောင်းထိုင်ရဟန်း၏ လေးခုမြောက်အင်္ဂါ--

ကောင်းသော စကားရှိသူမဟုတ်ခြင်း၊ ကောင်းမွန်ချိုသာသော စကားသံရှိသူ မဟုတ်ခြင်း။(အံ ၂၂၈) (၂-မှတ်)

(င) သမ္မုတိပေယျာလလာ ဆယ်ခုမြောက် သမ္မုတိ- နည်းသော အတိုင်းအတာပမာဏရှိသော ပစ္စည်းပရိက္ခရာကို ပေးစွန့်သောရဟန်းဟူ၍ ပေးအပ်သော သမ္မုတိ။ (အံ ၂-၂၂၄) (၂-မှတ်)

၅။ ကိုကြီးကျော်နတ်စိမ်းကို အရက်နှင့်ပူဇော်ပသခြင်းကို ဒေဝတာနုဿတိဟု ခေါ်နိုင်/မခေါ်နိုင် အကြောင်းသွင်းကာ ရှင်းပြ၍၊ ကောင်းသောသေခြင်းဖြင့် သေနိုင်ရန် ပြည့်စုံရမည့် တရားတို့တွင် နောက်ဆုံးသုံးပါးတို့ကို ထုတ်ပြကာ၊ ထက်မြတ်သောသူတို့၏ မရဏဿတိပွားများပုံကို ပထမမရဏဿတိသုတ်မှ ဖော်ပြပါ။

၅။ အဖြေ==

ကိုကြီးကျော်နတ်စိမ်းကို အရက်နှင့် ပူဇော်ပသခြင်းကို ဒေဝတာနုဿတိ ဟု ခေါ်နိုင်/မခေါ်နိုင်--

မခေါ်နိုင်ပါ။

အကြင့်သို့သဘောရှိသော သဒ္ဓါ သီလ သုတ စာဂ ပညာနှင့် ပြည့်စုံသော သူတို့သည် ဤလူ့ပြည်မှ စုတေ၍ ထိုနတ်ပြည်တို့ ဖြစ်ကြကုန်၏၊ ငါ့မှာလည်း ထိုကဲ့သို့ သဒ္ဓါ သီလ သုတ စာဂ ပညာတရားရှိကုန်၏၊ ထိုကဲ့သို့ မိမိ၏လည်းကောင်း နတ်တို့၏လည်းကောင်း သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အမှတ်ရခြင်းသည်သာ ဒေဝတာနုဿတိ အစစ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ (အံ ၂-၂၅၄) (၃-မှတ်)

ကောင်းသော သေခြင်းနှင့် သေနိုင်ရန် ပြည့်စုံရမည့်တရားတို့တွင် နောက်ဆုံးသုံးပါး--

အပေါင်းအဖော်တို့နှင့် ပေါင်းစု နေထိုင်ခြင်း၌ မပျော်မွေ့ခြင်း၊

ဘိက္ခုနီစသည်တို့နှင့် ရောနှောဆက်ဆံခြင်း၌ မပျော်မွေ့ခြင်း၊

ဝဋ္ဋဒုက္ခနယ်ပယ်ကို ချဲ့ထွင်တက်သော ကိလေသာ၌ မပျော်မွေ့ခြင်း (အံ ၂-၂၆၀) (၃-မှတ်)

ထက်မြတ်သော သူတို့၏ မရဏဿတိ ပွားများပုံ--

ငါသည် အကြင်မျှလောက်အခိုက်အတန့်ကာလပတ်လုံး တစ်လုပ်သောဆွမ်းကို စား၍ မျို၏၊ ထိုဆွမ်းတစ်လုတ်ဝါးမျိုရာ အခိုက်အတန့်ခဏမျှသော ကာလကြာရုံပင် အသက်ရှင်ရပါမူကား ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမကို စိတ်၌ သွင်းပိုက်ထားရပါမူကား ကောင်းလေစွ၊ ငါသည် အမှန်တကယ်ပင် မိမိ၏ စီးပွားဖြစ်သော ရဟန်းကိစ္စကို များစွာ ပြုကျင့်အားထုတ်အပ်သည် ဖြစ်ရာ၏၊ ဤသို့ မရဏဿတိကို ဖြစ်ပွားစေ၏၊ (အံ-၂၆၉) (၂-မှတ်)

ငါသည် အကြင်မျှလောက် အခိုက်အတန့် ကာလပတ်လုံး ဝင်သက်လေကို ရှူသွင်းပြီး၍ ထွက်သက်လေကို ထုတ်၏၊ ထွက်သက်လေကို ထုတ်၍ ဝင်သက်လေကို ရှူ၏၊ ထိုနှာခေါင်းလေ တစ်ကြိမ်တစ်ခါ အသွင်းအထုတ် ပြုလုပ်ရာ အခိုက်အတန့်ခဏမျှသော ကာလကြာရုံပင် အသက်ရှင်ရပါမူကား ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမကို စိတ်၌ သွင်းပိုက်ထားရပါမူကား ကောင်းလေစွ၊ ငါသည် အမှန်တစ်ကယ်ပင် မိမိ၏ စီပွားဖြစ်သော ရဟန်းကိစ္စကို များစွာ ကျင့်ပွားအားထုတ်အပ်သည် ဖြစ်ရာ၏၊ ဤသို့ မရဏဿတိကို ဖြစ်ပွားစေ၏။ အံ ၂-၂၆၉) (၂-မှတ်)

၆။ စိတ်နှလုံးကို တိုးပွားစေတတ်သော ရဟန်းသို့ ဆည်းကပ်သင့်ရာအခါတို့ကို ပထမသမယသုတ်အလိုကျ ဖော်ပြ၍၊ ဥဒါယီသုတ်လာ အနုဿတိဋ္ဌာနတို့ကို ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးတို့ကို ထုတ်နှုတ်ဖြေဆိုပါ။

၆။ အဖြေ==

စိတ်နှလုံးကို တိုးတက်ကြီးပွားစေတတ်သောရဟန်းသို့ ဆည်းကပ်သင့်သော အခါတို့ကား--

ကာမရာဂထကြွရာအခါ၊ ဗျာပါဒထကြွရာအခါ၊ ထိနမိဒ္ဓထကြွရာအခါ၊ ဥဒ္ဓစ္စကုက္ကုစ္စထကြွရာအခါ၊ ဝိစိကိစ္ဆာထကြွရာအခါ၊ အကြင်အာရုံအကြောင်းတရားကို ဆိုက်ရောက်အာရုံပြု၍ အကြင်အာရုံအကြောင်းတရားကို နှလုံးသွင်းသော ပုဂ္ဂိုလ်မှာ အန္တရာယ်မရှိသောအားဖြင့် အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တဖိုလ်သည်ဖြစ်၏၊ ထိုအကြောင်းတရားကို မသိရာအခါ။

(အံ ၂-၂၈၇)                                                    (၄-မှတ်)

ဥဒါယီသုတ်လာ အနုဿတိဋ္ဌာနတို့ကို ပွားများခြင်းကြောင့် ရသော အကျိုးများ--

ယခုမျက်မှောက် အတ္တဘော၌ပင် ကိလေသာအာမိသမရှိသော သုခဖြင့် နေထိုင်ရခြင်း၊

ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း၊

ငါးဖြာအာရုံကာမဂုဏ်၌ စွဲမက်မှုရာဂကို ပယ်ခြင်း၊

ပွားများခြင်းကြောင့် ငါတကားဟု ထောင်လွှားသော မာနကိုးမျိုးကို ပယ်ခြင်း၊

များစွာသော ဓာတ်သဘောတို့ကို ထွင်းဖောက်သိမြင်ခြင်း၊

သတိနှင့်သမ္ပဇဉ်၊ (အံ ၂-၂၈၅-၆)                                                    (၆-မှတ်)

၇။ မြတ်စွာဘုရားတည်းဟူသောဆင်တော်၏ (က) နောက်ခြေ၊ (ခ) အစွယ်၊ (ဂ) နှာမောင်းဖျား၊ (ဃ) ဝမ်းတိုက်၊ (င)အမြီးတို့ကို ဖော်ပြ၍၊ ကာမတို့၏ အကျိုးတို့ကို ဖြေဆိုပါ။

၇။ အဖြေ==

(က) အလိုနည်းပါး ခေါင်းပါးမြိုးခြံသောအကျင့်နှင့် မြတ်သောအရိယမဂ်သီလဟူသောအကျင့်၊

(ခ) ဆဠင်္ဂုပေက္ခာ၊

(ဂ) မှီဝဲအပ် မအပ် နှစ်ရပ်တရား ခွဲခြားဆင်ခြင် သိမြင်နိုင်သော ဉာဏ်၊

(ဃ) စတုတ္ထဈာန်သမာဓိတရား၊

(င) ကာယ စိတ္တ ဥပဓိဟူသော သုံးပါးသော ဝိဝေက၊ (အံ ၂-၃၈၄) (၅-မှတ်)

ကာမတို့၏ အကျိုးများ--

ငါးပါးအာရုံ ကာမဂုဏ်ကို လိုလားနှစ်သက်သောသူသည် ထိုကာမသဘောရှိသော ထိုကာမသဘော ကုသိုလ်၏ အဖို့ကြောင့်ဖြစ်သော အကြင်နတ်ပြည်၌ ဖြစ်သူ၏ အတ္တဘောကိုလည်းကောင်း အကုသိုလ်၏ အဖို့ကြောင့်ဖြစ်သော အကြင်အပါယ်၌ဖြစ်သူ၏ အတ္တဘောကိုလည်းကောင်း ဖြစ်စေ၏၊ ဤပုညဘာဂိယ အပုညဘာဂိယအတ္တဘောကို ကိလေသာကာမတို့၏ အကျိုးဟူ၍ ဟောတော်မူ၏။ (အံ ၂-၃၆၀) (၅-မှတ်)

---

၈။ ဥဒကူပမသုတ်လာ သုံးယောက်မြောက်ပုဂ္ဂိုလ်တို့၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရှင်းပြ၍၊ နောက်ထပ်ဆယ်နှစ်မရှိသော ရဟ... စသည်ဖြင့် ပြောဆိုခြင်း၏အကြောင်းတို့တွင် နောက်ဆုံးအကြောင်းကို ထုတ်ပြကာ၊ ဥပါသကာဒါယကာ၏ ရှိပြီးဂုဏ်မှ ဆုတ်ယုတ်ကြောင်းတရားတို့တွင် ရှေ့လေးခုတို့ကို ဖြေဆိုပါ။

၈။ အဖြေ==

ဥဒကူပမသုတ်လာ သုံးယောက်မြောက်ပုဂ္ဂိုလ်၏ ဆိုလိုရင်း အဓိပ္ပါယ်--

ကုသိုလ်တရားတို့၌ သဒ္ဓါ ဟိရီ ဩတ္တပ္ပ ဝီရိယ ပညာတရားတို့ မဆုတ်ယုတ် မတိုးပွားဘဲ တည်တံ့နေသောသူသည် မြစ်ရေပြင်ထက် ပေါ်တက်လျက် မကူးခတ်သူနှင့် တူသူ ဖြစ်ပါသည်။ (အံ ၂-၄၈၄) (၃-မှတ်)

နောက်ထပ်ဆယ်နှစ်မရှိသောရဟန်း စသည်ဖြင့် ပြောဆိုခြင်း၏ အကြောင်းတို့တွင် နောက်ဆုံးအကြောင်း--

မဂ္ဂသမ္မာဒိဋ္ဌိကို ထိုးထွင်းသိမြင်ရခြင်း၌ အားကြီးသော ဆန္ဒရှိခြင်း၊ နောင်လာလတံ့သော နေ့ရက်စသည်တို့၌လည်း မဂ္ဂသမ္မာဒိဋ္ဌိကို ထိုးထွင်းသိမြင်ရခြင်း၌ မကင်းကွာသော ချစ်ခင်မှုရှိခြင်း။ (အံ ၂-၄၈၇) (၃-မှတ်)

ဥပါသကာဒါယကာ၏ ရှိပြီးဂုဏ်မှ ဆုတ်ယုတ်ကြောင်းတရားတို့တွင် ရှေ့ဆုံးလေးခု--

ရဟန်းသံဃာကို ဖူးမြင်ခြင်းငှာ သွားခြင်းကို ယုတ်လျော့စေခြင်း၊

သူတော်တရားနာကြားခြင်းကို မေ့လျော့ခြင်း၊

လွန်ကဲမြင့်မြတ်သော ငါးပါးသီလ ဆယ်ပါးသီလ၌ မဖြည့်ကျင့်ခြင်း၊

ထေရ နဝ မဇ္ဈိမရဟန်းတို့၌ မကြည်ညိုမှုများခြင်း။ (အံ ၂-၄၁၆) (၄-မှတ်)

၉။ မေထုန်ငယ်တို့တွင် နှစ်ခုမြောက်, သုံးခုမြောက်မေထုန်ငယ်တို့ကို ထုတ်ပြ၍၊ နန္ဒမာတာကိုယ်တိုင်လျှောက်သော မိမိ၏ငါးခုမြောက်အံ့ဖွယ်ကို ဖော်ပြကာ၊ ငါးခုမြောက် အိပ်ဝိုက်ဖျောက်နည်းကိုလည်း ဖြေဆိုပါ။

၉။ အဖြေ==

နှစ်ခုမြောက်မေထုန်ငယ်--

မာတုဂါမနှင့်အတူတကွ ရယ်ဖွယ်စကား ပြောကြားရယ်မောခြင်း၊ ကျီစယ်ပျော်ပါးကစားခြင်း၊ ကျယ်လောင်စွာရယ်မောခြင်း

(၂-မှတ်)

သုံးခုမြောက်မေထုန်ငယ်--

မာတုဂါမ၏ မျက်စိကို မိမိ၏မျက်စိဖြင့် စူးစိုက်ကြည့်ရှုခြင်း သေချာစေ၄ ရှုခြင်း။ (အံ ၂-၄၃၉) (၂-မှတ်)

နန္ဒမာတာကိုယ်တိုင်လျှောက်သော မိမိ၏ ငါးခုမြောက်အံ့ဖွယ်--

အရှင်ဘုရား အကြင်အခါ၌ တပည့်တော်သည် ဥပါသကာမဟူ၍ လျှောက်ထားခဲ့ပါပြီ၊ ထိုအခါမှ စ၍ တစ်စုံတစ်ခုသော သိက္ခာပုဒ်သီလကို လွန်ကျူးလိုသောစေတနာဖြင့် စေ့ဆော်၍ လွန်ကျူးခဲ့ဖူး၏ ဟူ၍ မသိရပါဟု လျှောက်ထားပါသည်။

(အံ ၂-၄၄၇) (၃-မှတ်)

ငါးခုမြောက်အိပ်ဝိုက်ဖျောက်နည်း--

ထိုင်ရာနေရာမှ ထ၍ ရေဖြင့် မျက်လုံးတို့ကို ပွတ်သပ်၍ အရပ်မျက်နှာတို့ကို ကြည့်ရှုရာ၏၊ နက္ခတ်တို့ကို ကြယ်တာရာတို့ကို ကြည့်ရှုရာ၏။ (အံ ၂-၄၆၇) (၃-မှတ်)

၁၀။ မယား (၁၀) မျိုးတို့တွင် ခြောက်ယောက်မြောက်မယား၏ အဓိပ္ပါယ်ကို တိကျစွာ ဖြေဆို၍၊ ပင်လယ်ကသစ်ပန်း၏ အာနုဘော်တို့ကို ဖော်ပြကာ၊ သတ္တကနိပါတ် မဟာဝဂ် ရှစ်ခုမြောက်သုတ်တော်ကို နာယူရသော ရဟန်းတော်တို့၏ ဖြစ်ပေါ်လာသော အခြေအနေတို့ကို ရေးသားပါ။

၁၀။ အဖြေ==

ခြောက်ယောက်မြောက်မယား၏ အဓိပ္ပါယ်--

ဤလောက၌ သူငယ်ချင်းအမျိုးသမီးသည် အချိန်ကာလကြာမြင့်မှ ရောက်လာသော မိတ်ဆွေကို တွေ့မြင်ရ၍ နှစ်သက်ရွှင်လန်းဝမ်းမြောက်သကဲ့သို့ ထို့အတူ အကြင်မယားသည် မိမိလင်ယောကျ်ားကို တွေ့မြင်ရ၍ နှစ်သက်ရွှင်လန်း ဝမ်းမြောက်၏၊ ဆွေကြီးမျိုးကြီး ဂုဏ်အကျင့်နှင့် ပြည့်စုံ၏၊ သီလရှိ၏၊ နတ်နှင့်မခြား လင်ကို ရှိသေ၏၊ ထိုသူမသည် မိတ်ဆွေနှင့်တူသော မယားမည်၏၊ (အံ ၂-၄၆၈) (၄-မှတ်)

ပင်လယ်ကသစ်ပန်း၏ အာနုဘော်--

ဝန်ကျင်ပတ်လည်အရပ်၌ ယူဇနာငါးဆယ်တိုင်အောင် အရောက်ပြန့်နှံ့ခြင်း၊

လေစုန်အရပ်သို့ ယူဇနာတစ်ရာတိုင်တိုင် ရနံ့သွားခြင်း။ (အံ ၂-၄၈၇) (၂-မှတ်)

သတ္တကနိပါတ် မဟာဝဂ် ရှစ်ခုမြောက်သုတ်တော်ကို နာယူရသော ရဟန်းတော်တို့၏ ဖြစ်ပေါ်လာသော အခြေအနေ--

(၆၀)အတိုင်းအရှည်ရှိသော ရဟန်းတို့၏ ပူသော သွေးသည် ခံတွင်းမှ အံထွက်၏၊

(၆၀)အတိုင်းအရှည်ရှိသော ရဟန်းတို့သည် ရဟန်းသီလသိက္ခာပုဒ်ကို စွန့်၍ လူထွက်ကြကုန်၏၊

(၆၀)အတိုင်းအရှည်ရှိသော ရဟန်းတို့၏ စိတ်သည် အာသဝေါတရားတို့မှ လွတ်၏၊ (အံ ၂-၅၁၀) (၄-မှတ်)

၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

အင်္ဂုတ္တိုရ်ပါဠိတော်(ဒုတိယအုပ်)မေးခွန်းနှင့်အဖြေ

မေး။ ၁။ ပဉ္စကနိပါတ် ပထမပဏ္ဏာသက ဝိတ္တတသုတ်တို့လာ တတိယအင်္ဂါတို့၏ အဓိပ္ပါယ်အကျယ်တို့ကို ရေး၍ ယခုဘဝ၌ပင် ကိုယ်တိုင်တွေ့မြင်နိုင်သော ဒါန၏အကျိုးတို့တွင် တတိယအကျိုးကို ထုတ်ပြကာ မိဘတို့၏ သားသမီးတို့အပေါ် မျှော်လင့်ချက်တို့တွင် တတိယမျှော်လင့်ချက်ကို ဖြေဆိုပါ။

ဖြေ။ ၁။ ပဉ္စကနိပါတ် ပထမပဏ္ဏာသက ဝိတ္တတသုတ်တို့လာ တတိယအင်္ဂါတို့၏ အဓိပ္ပါယ်အကျယ်
ဤသာသနာတော်၌ အရိယသာဝကသည် ကြောက်လန့်တတ်၏၊
ကာယဒုစ္စရိုက်အကုသိုလ်ကြောင့်လည်းကောင်း၊
ဝစီဒုစ္စရိုက်အကုသိုလ်ကြောင့်လည်းကောင်း မနောဒုစ္စရိုက် အကုသိုလ်ကြောင့်လည်းကောင်း ကြောက်လန့်တတ်၏။ ယုတ်မာကုန်သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းကြောင့် ကြောက်လန်၏။ ( အံ၊ ၂။ ၂) (၃-မှတ်)

ဤသာသနာတော်၌ အရိယသာဝကသည် သတိရှိသည် မြတ်သော သတိပညာနှင့်ပြည့်စုံသည် ကြာမြင့်စွာကာလတုန်းက ကိုယ်ဖြင့် ပြုလုပ် အပ်ဘူးသော ကျင့်ဝတ် ဖြည့်ကျင့်ခဲ့ခြင်းကို လည်းကောင်း ကြာမြင့်စွာသော ကာလတုန်းက နှုတ်ဖြင့်မြွက်ဆိုအပ်ဖူးသော ပါဠိသင်ယူပို့ချ ဟောပြောခဲ့ခြင်းကိုလည်းကောင်း တစ်ကြိမ်တစ်ခါ အမှတ်ရသည် အထပ်ထပ်အမှတ်ရသည် ဖြစ်၏။ ( အံ၊ ၂။ ၉) (၃-မှတ်)

ယခုဘဝ၌ပင်ကိုယ်တိုင်တွေ့မြင်နိုင်သော ဒါန၏အကျိုးတို့တွင် တတိယအကျိုး ကောင်းသော ချီးမွမ်းအံ့သြ ကျော်စောသတင်းထွက်ခြင်း။ ( အံ၊ ၂။ ၃၃) (၂-မှတ်)

မိဘတို့၏ သားသမီးတို့အပေါ် မျှော်လင့်ချက်တို့တွင် တတိယမျှော်လင့်ချက် ငါတို့၏ အမျိုးအနွယ်သည် ကြာမြင့်စွာ တည်လတံ့။ ( အံ၊ ၂။ ၃၇) (၂-မှတ်)

မေး။ ၂။ အထက်မဂ်ဖိုလ်နှစ်ပါးကို ရစေနိုင်သော ကျင့်စဉ်တို့တွင် စတုတ္ထကျင့်စဉ်ကို ပထမကဏ္ဍဒီပါဒသုတ်မှ ထုတ်ပြ၍ အနာဂတ်သာသနာတော်၏ ဘေးရန်တို့တွင် စတုတ္ထဘေးရန်ကို စတုတ္ထအနာဂတဘယသုတ်မှ ဖြေဆိုကာ အာနာပါနဿတိကို မှီဝဲသော, ကြိမ်ဖန်များစွာ ဖြစ်ပွားစေသော ရဟန်းတို့ ပြည့်စုံရမည့် အင်္ဂါတို့တွင် စတုတ္ထအင်္ဂါများကို အကျဉ်းချုပ် ရေးပါ။

ဖြေ။ ၂။ <u>အထက်မဂ်ဖိုလ်နှစ်ပါးကို ရစေနိုင်သော ကျင့်စဉ်တို့တွင် စတုတ္ထကျင့်စဉ်</u>

ပညာဟူသော အကြီးအကဲရှိသော သမာဓိနှင့်လည်းကောင်း သမ္မပ္ပဓာနဝီရိယဟူသော လွန်ကဲစွာ အားထုတ်တတ်သော တရားတို့နှင့် လည်းကောင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ဖြစ်စေခြင်း။ ( အံ၊ ၂။ ၇၂) (၃-မှတ်)

<u>အနာဂါတ်အချိန်ကာလတွင် တွေ့မြင်ကြုံတွေ့ကြရမည့် အနာဂါတ်သာသနာတော်၏ ဘေးရန်တို့တွင် စတုတ္ထဘေးရန်</u>

အနာဂတ်ကာလ၌ ရဟန်းတို့သည် ရဟန်းမ သိက္ခမာန် သာမဏေတို့နှင့် ရောနှောကြကုန်လျက် နေကြကုန်လတ္တံ့။ ထိုသို့ ရောနှော၍ နေသည်ရှိသော် 'မပျော်မွေ့ဘဲလည်း ဗြဟ္မစရိယကို ကျင့်ရလတ္တံ့၊ ညစ်နွမ်းသော အာပတ်တခုခုသို့သော်လည်း ရောက်လတ္တံ့၊ အဓိသီလ သိက္ခာကို ပယ်စွန့်၍ လူထွက်လတ္တံ့'။ ( အံ၊ ၂။ ၉၆) (၃-မှတ်)

<u>အာနာပါနဿတိကို မှီဝဲသောရဟန်းပြည့်စုံရမည့် စတုတ္ထအင်္ဂါ-</u>

ဗဟုဿုတတရားနှင့် ပြည့်စုံခြင်း။ ( အံ၊ ၂။ ၁၀၅) (၂-မှတ်)

<u>အာနာပါနဿတိကို ကြိမ်ဖန်များစွာ ဖြစ်ပွားစေသော ရဟန်းပြည့်စုံရမည့် စတုတ္ထအင်္ဂါ-</u>

တောကျောင်း၌ နေခြင်း။ ( အံ၊ ၂။ ၁၀၆) (၂-မှတ်)

မေး။ ၃။ ရှင်ဘုရင်ရာထူးကို ရယူလိုသော သားတော်ကြီးတစ်ယောက်၌ ပြည့်စုံရမည့် အင်္ဂါတို့တွင် ပဌမအင်္ဂါကို ရေး၍ အ၀ဇာနာတိသုတ်လာ ပဌမအင်္ဂါ၏ အကျယ်ကို ဖြေဆိုပြီးလျှင် သူတော်ကောင်းတရားကို နာကြားပါသော်လည်း အရိယမဂ်ဟူသော နိယာမတရားသို့ မရောက်နိုင်သော ပုဂ္ဂိုလ်တို့တွင် စတုတ္ထပုဂ္ဂိုလ်များကို ဖော်ပြပါ။

ဖြေ။ ၃။ ရှင်ဘုရင်ရာထူးကို ရယူလိုသော သားတော်ကြီးတစ်ယောက် ပြည့်စုံရမည့် အင်္ဂါတို့တွင်

ပဌမအင်္ဂါ-

ရှင်ဘုရင်တို့၏ အသက်မွေးကြောင်းအတတ်ပညာဖြစ်ကုန်သော ဆင်အတတ် မြင်းအတတ် ရထားအတတ် လေးအတတ် သံလျက်ဓားလှံ စသော ကြွင်းသော လက်နက်အတတ်တို့ကို သင်ယူပြီးခြင်း၊ အပြည့်အစုံတတ်မြောက်ခြင်း။ ( အံ၊ ၂။ ၁၃၅) (၃-မှတ်)

အ၀ဇာနာတိသုတ်လာ ပဌမအင်္ဂါ၏ အကျယ်-

အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်၊ အပြစ်ရှိသောတရား အပြစ်မရှိသောတရား၊ ယုတ်ညံ့သောတရား မြင့်မြတ်သောတရား၊ မည်းညစ်သောတရား ဖြူစင်သောတရားတို့ကို မသိမြင်နိုင်သော မန္ဒ မောမူဟဖြစ်သော ပုဂ္ဂိုလ်။ ( အံ၊ ၂။ ၁၄၆) (၃-မှတ်)

သူတော်ကောင်းတရားကို နာကြားပါသော်လည်း အရိယမဂ်ဟူသော နိယာမတရားသို့ မရောက်နိုင်သော ပုဂ္ဂိုလ်တို့တွင် စတုတ္ထပုဂ္ဂိုလ်များ-

ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍ တခုတည်းသော အာရုံ၌ စိတ်ရှိသူမဟုတ်ဘဲ တရားနာယူသူ။ ( အံ၊ ၂။ ၁၅၄) (၂-မှတ်)

ပညာမရှိ ထုံထိုင်းဖျင်းအ အာရည်တံတွေး ယိုကျရာ ခံတွင်းရှိသူ။ ( အံ၊ ၂။ ၁၅၄) (၂-မှတ်)

မေး ၄။ (က) သူတစ်ပါးကို တရားဟောလိုသူတို့ မိမိသန္တာန်၌ ရှိထားသင့်သည့်တရားတို့တွင် နောက်ဆုံးတရား၊ (ခ) ဖြစ်ပေါ်လာ ကုန်သော ခက်ခဲသဖြင့် ပယ်ဖျောက်အပ်သောတရားတို့တွင် နောက်ဆုံးတရား၊ (ဂ) ဒေါသကို ပယ်ဖျောက်တတ်သောတရား တို့တွင် နောက်ဆုံးတရား၊ (ဃ) ကိုယ်နှုတ်တို့ မစင်ကြယ်သော်လည်း ရံဖန်ရံခါ သမထဝိပဿနာစိတ်ဖြစ်ခွင့်ရှိနေသော ပုဂ္ဂိုလ်အပေါ်၌ အမျက်ဒေါသပယ်ပုံ ဥပမာတို့ကို ဖြေဆိုပါ။

ဖြေ၊ ၄။ (က) မိမိကိုယ်ကို ချီးမွမ်းခြင်း သူတစ်ပါးကို ကဲ့ရဲ့ခြင်းစသော အလိုသဘောဖြင့် မိမိကိုယ်လည်းကောင်း သူတစ်ပါးကိုလည်းကောင်း ဂုဏ်ကို ချေဖျက်ခြင်းဖြင့်မချေဖျက်မူ၍ တရားစကားကို ပြောဟောအံ့ခြင်းဟူသောတရား။ ( အံ၊ ၂။ ၁၆၂) (၂-မှတ်)

(ခ) ဖြစ်ပေါ်လာသော ခရီးသွားမည့်သူ၏ ခရီးသွားခြင်းစိတ်၊ ( အံ၊ ၂။ ၁၆၃) (၂-မှတ်)

(ဂ) ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိ၏ ဟု ထိုပုဂ္ဂိုလ်၌ ဆင်ခြင်စဉ်းစားနလုံးသွင်းရမည်။ ( အံ၊ ၂။ ၁၆၃) (၂-မှတ်)

(ဃ) ငါ့ရှင်တို့ ဥပမာပြရလျှင်ကား နွားခြေရာခွက်၌ အနည်းငယ်သော ရေသည် ရှိရာ၏၊ ထိုအခါ၌ နွေနေပူသည် လွှမ်းစွာပူလောင်အပ်သော နွေနေပူသည် နှိပ်စက်အပ်သော ခရီးပင်ပန်းသော ရေငတ်သော ရေသောက်လိုသော ယောကျ်ားသည် လာရာ၏။ထိုယောကျ်ားမှာ ဤသို့သော အကြံသည်ဖြစ်၏၊ နွားခြေရာခွက်ထဲက ရေသည် အနည်းငယ်မျှသာ ဖြစ်၏၊ ငါသည် လက်ခုပ်ဖြင့်သော်လည်းကောင်း ခွက်ဖြင့်သော်လည်းကောင်း အကယ်၍ သောက်ငြားအံ့။ ဤသို့ သောက်သည်ရှိသော် ရေကို လှုပ်ရှားလည်း လှုပ်ရှားစေမိပေလိမ့်မည်၊ မွှေနောက်လည်း မွှေနောက်မိပေလိမ့်မည်၊ သောက်ချင်ဖွယ်မကောင်းအောင်လည်း ပြုမိပေလိမ့်မည်။ ငါသည် လေးဖက်ထောက်လျက် မြေ၌ဝပ်၍ နွားသောက်ပုံသောက်နည်းအတိုင်း ပါးစပ်ဖြင့် စုပ်ယူသောက်၍ ဖဲခွါသွားရပါမူကား ကောင်းလေစွဟု အကြံဖြစ်၏။ ( အံ၊ ၂။ ၁၆၅) (၄-မှတ်

မေး။ ၅။ ဘုရားဂုဏ်တော်ပွားများသူတို့ကို ခေါ်ဆိုနိုင်သော နာမည်တို့ကို မဟာနာမသုတ်မှ ထုတ်ပြ၍ သာရဏီယကျင့်ဝတ်တို့၏ ဂုဏ်ရည်တို့ကို ဖော်ပြပြီးလျှင် 'တေဘူမကဝဋ္ဋဒုက္ခဟုဆိုအပ်သော သင်္ခါရဆင်းရဲ ပျော်မွေ့သောရဟန်း'ဟု ခေါ်ဆိုနိုင်ရန် ပြည့်စုံရမည့် အင်္ဂါတို့တွင် နောက်ဆုံး အင်္ဂါနှစ်ခုတို့ကို ရေးသားပါ။

ဖြေ။ ၅။ ဘုရားဂုဏ်တော်ပွားများသူတို့ကို ခေါ်ဆိုနိုင်သော နာမည်

ရာဂဒေါသမောဟတို့ဖြင့် မငြိမ်မသက်ဖြစ်နေသောသတ္တဝါအပေါင်း၌ ငြိမ်သက်ခြင်းသို့ရောက်လျှက်နေသူဟူ၍လည်းကောင်း၊ ဒုက္ခနှင့်တကွဖြစ်သော သတ္တဝါအပေါင်း၌ ဒုက္ခမရှိသည်ဖြစ်၍ နေသောသူဟူ၍လည်းကောင်း၊ ဝိပဿနာအယဉ်သို့ ကောင်းစွာ ရောက်လျှက် ဗုဒ္ဓါနုဿတိကို ပွားများနေသူဟူ၍လည်းကောင်း ခေါ်ဆိုအပ်၏။ ( အံ၊ ၂။ ၂၅၂) (၄-မှတ်)

သာရဏီယကျင့်ဝတ်တို့၏ ဂုဏ်ရည်

အစဉ်မပြတ် အမှတ်ရထိုက်သော၊ သီတင်းသုံးဖော်တို့၏ ချစ်ခင်ဖွယ်ကို ပြုတတ်သော၊ အလေးဂရုပြုထိုက်သူဖြစ်အောင် ပြုတတ်သော၊ သီတင်းသုံးဖော်တို့ကို ချီးမြှောက်ခြင်းငှါ အချင်းချင်းမငြင်းခုံခြင်းငှါ ညီညွတ်သည်အဖြစ်ငှါ မကွဲမပြားတစ်သားတည်းဖြစ်ခြင်းငှါ ဖြစ်ခြင်း။ ( အံ၊ ၂။ ၂၅၆) (၄-မှတ်)

'တေဘူမကဝဋ္ဋဒုက္ခဟုဆိုအပ်သော သင်္ခါရဆင်းရဲ ပျော်မွေ့သော ရဟန်းဟု'ခေါ်ဆိုနိုင်ရန်ပြည့်စုံရမည့် အင်္ဂါတို့တွင် နောက်ဆုံးအင်္ဂါနှစ်ခု-

ရောနှောဆက်ဆံခြင်း၌ မွေ့လျော်သူ၊ ပပဉ္စတရား၌ မွေ့လျော်သူ။ ( အံ၊ ၂။ ၂၅၉) (၂-မှတ်)

မေး။ ၆။ ကာမတရားတို့ ရနိုင်သောအမည်တို့တွင် တတိယအမည်ရခြင်းအကြောင်းကို ဘယသုတ်မှ ထုတ်နုတ်တင်ပြ၍ မနော ဘာဝနီယရဟန်းကို ချဉ်းကပ်သင့်ရာအခါကို ပထမအညတရဘိက္ခုအလို, ဒုတိယအညတရဘိက္ခုအလို ဖော်ပြပြီးလျှင် အမြတ်ဆုံးသင်ယူမှုဟု ခေါ်ဆိုထိုက်သော ပညာရပ်များကို ရေးသားပါ။

ဖြေ။ ၆။ <u>ကာမတရားတို့ ရနိုင်သောအမည်တို့တွင် တတိယအမည်ရခြင်း</u>

ကာမရာဂဖြင့်တပ်မက်သော ဆန္ဒရာဂသည် ဖွဲ့တုတ်ချည်နှောင်အပ်သော ဤသတ္တဝါ အပေါင်းသည် မျက်မှောက်၌ဖြစ်သော ရောဂါမှလည်းကောင်း၊ တမလွန်၌ဖြစ်သော ရောဂါမှ လည်းကောင်း မလွတ်။ ထို့ကြောင့် ကာမတရားတို့ကို ရောဂါ ဟု ခေါ်ဆိုအပ်၏။ ( အံ၊ ၂။ ၂၇၄)

(၃-မှတ်)

<u>မနောဘာဝနီယရဟန်းကို ချဉ်းကပ်သင့်ရာ အခါ</u>

ဆွမ်းခံရာဌာနမှ ဖဲခွာပြီးနောက် ခြေဆေး၍ ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကိုထား၍ တင်ပျဉ်ဖွဲ့ခွေ ထိုင်နေရာအခါ။ (ပထမအညတရဘိက္ခုအလို)
ညနေချမ်းဝယ် ကျောင်းစွန်ရိပ်၌ ကမ္မဋ္ဌာန်းသို့ရှေးရှု သတိထား၍ တင်ပျဉ်ဖွဲ့ခွေ ထိုင်နေရာအခါ။ (ဒုတိယ

<u>အမြတ်ဆုံးသင်ယူမှုဟု ခေါ်ဆိုထိုက်သော ပညာရပ်များကို ဖော်ပြ-</u>

အဓိသီလသိက္ခာကို သင်ယူခြင်း၊ အဓိစိတ္တကို သင်ယူခြင်း၊ အဓိပညာကို သင်ယူခြင်း။ ( အံ၊ ၂။ ၂၈၈)

(၃-မှတ်)

မေး။ ၇။ ဘာယကိုဒေါင်ပင်နင် ပတ်သက်၍ သိကောင်းစရာများကို ရေးသား၍

၂။ ၂၈၈) (၃-မှတ်)

မေး။ ၇။ သုပ္ပတိဋ္ဌဉောင်ပင်နှင့် ပတ်သက်၍ သိကောင်းစရာများကို ရေးသား၍ စတုတ္ထအညတရဘိက္ခုအလို အဖို့နှစ်ဖက်နှင့် အလယ် အဖို့တရားတို့ကို ဖော်ပြပြီးလျှင်

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းကြောင့် ရသော အာနိသင်တို့တွင် နောက်ဆုံးနှစ်ခု တို့ကို ဖြေဆိုပါ။

ဖြေ။ ၇။ သုပ္ပတိဋ္ဌဉောင်ပင်နှင့်ပတ်သက်၍ သိကောင်းစရာများ

ကောရဗျမင်း၏ သုပ္ပတိဋ္ဌ ညောင်ပင်၊ အေးမြသောအရိပ်ရှိသော စိတ်ပျော်မွေ့ရာဖြစ်သော အကိုင်းငါးခုရှိ။ အကိုင်းအခက်ဖြန့်ကား တည်နေရာ ဆယ့်နှစ်ယူဇနာရှိ။ ပြန့်ပွားသောအဖြစ်တို့၏ တည်နေရာ ငါးယူဇနာရှိ၊ ဆန်တစ်ပြည်ချက်ထမင်းအိုးကဲ့သို့သော အသီးရှိ။ ပျားငယ်သည်ပြုအပ်သော ပျားလဘို့ကဲ့သို့သော ချိုမြိန်သောအရသာရှိ။ အကိုင်းတစ်ခုကို မင်းကြီးနှင့် မိဖုရားများ စား၊ အကိုင်းတစ်ခုကို စစ်သည်ဗိုလ်ပါများစား၊ အကိုင်းတစ်ခုကို နိဂုံး ဇနပုဒ်နေသူများ စား၊ အကိုင်းတစ်ခုကို ရဟန်းပုဏ္ဏားများ စား၊ အကိုင်းတစ်ခုကို သားကောင်များ စား။ ( အံ၊ ၂။ ၃၂၄) (၅-မှတ်)

<u>စတုတ္ထအညတရဘိက္ခုအလို အဖို့နှစ်ဖက်နှင့်အလယ်အဖို့ တရား</u>

နာမ်သည် အဖို့တစ်ဖက်၊ ရုပ်သည် အဖို့တစ်ဖက်၊ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော ဝိညာဏ် အားလုံးသည် အလယ်အဖို့။ ( အံ၊ ၂။ ၃၅၇) (၃-မှတ်)

<u>သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းကြောင့်ရသော အာနိသင်တို့တွင် နောက်ဆုံးနှစ်ခု--</u>

ထိုပုဂ္ဂိုလ်သည် အကြောင်းပဋိစ္စသမုပ္ပါဒ်တရားကိုလည်း ကောင်းစွာမြင်အပ်သည်ဖြစ်၏။ အကြောင်းပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်ကုန်သော အကျိုးပဋိစ္စသမုပ္ပန်တရားတို့ကိုလည်း ကောင်းစွာမြင်အပ်ကုန်၏။ ( အံ၊ ၂။ ၃၈၄) (၂-မှတ်)

မေး။ ၈။ သတ္တကနိပါတ် အနိစ္စာနုပဿီသုတ်လာ ဒုတိယပုဂ္ဂိုလ်ကို ဖော်ပြ၍ သာရန္ဒဒသုတ်လာ စတုတ္ထ, ပဥ္စမဝဇ္ဇီကြီးပွားကြောင်း တရားများကိုလည်း ဖြေဆိုပါ။

ဖြေ။ ၈။ သတ္တကနိပါတ် အနိစ္စာနုပဿီသုတ်လာ ဒုတိယပုဂ္ဂိုလ်

အလုံးစုံသော တေဘူမကသင်္ခါရတို့၌ အနိစ္စဟုရှုလျက် အခါခပ်သိမ်း ဝိပဿနာစိတ်ဖြင့် နိုင်မြဲစွာ ဆုံးဖြတ်လျက် ဝိပဿနာပညာဖြင့် သက်ဝင်ဆိုက်ရောက်လျက်နေသော ထိုပုဂ္ဂိုလ်မှာ ရှေ့လည်းမကျ နောက်လည်းမကျ အရဟတ္တမဂ်ဖြင့် အာသဝကိလေသာ ကုန်ခန်းခြင်း သည်လည်းကောင်း ပရိနိဗ္ဗာနစုတိစိတ်ဖြင့် ဇီဝိတိန္ဒြေ၏ ကုန်ခန်းခြင်းသည်လည်းကောင်း ဖြစ်သော ဇီဝိတသမသီသီမည်သော ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ပါသည်။ ( အံ၊ ၂။ ၄၇၅) (၅-မှတ်)

သာရန္ဒဒသုတ်လာ စတုတ္ထ, ပဥ္စမ ဝဇ္ဇီကြီးပွားကြောင်းတရားများ

ဝဇ္ဇီမင်းတို့သည် ဝဇ္ဇီမင်းတို့၏ အသက်အရွယ်ကြီးရင့်ကုန်သော အဘိုးကြီးတို့သည် ရှိကုန်၏၊ ထိုအဘိုးကြီးတို့ကို အရိုအသေပြုခြင်း၊ အလေးဂရုပြုခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း တို့ကို ပြုခြင်း၊ ထိုအဘိုးကြီးတို့၏ စကားကို နာယူထိုက်၏ ဟု မှတ်ထင်ခြင်း။ (စတုတ္ထ)

ဝဇ္ဇီမင်းတို့သည်အမျိုးတို့၏ အိမ်ရှင်မတို့ကိုလည်းကောင်း အမျိုးတို့၏ အပျိုစင်တို့ကိုလည်းကောင်း အတင်းအဓမ္မဆွဲခေါ်ကြကုန်လျက် လွှမ်းမိုးနှိပ်စက်ကြကုန်၍ ဇနီးအဖြစ်ဖြင့်သိမ်းပိုက်ကြကုန်လျက် မိမိတို့အိမ်၌ မနေထိုင်စေခြင်း။ (ပဥ္စမ) ( အံ၊ ၂။ ၄၇၈)(၅-မှတ်)

မေး။ ၉။ ပဋ္ဌိသမ္ဘိဒါလေးပါးကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်ရန် ပြည့်စုံရမည့် အင်္ဂါတို့တွင် ရှေ့ဆုံး အင်္ဂါသုံးချက်ကို ထုတ်ပြ၍ စိတ်ကို မိမိအလိုသို့ လိုက်ပါလာအောင် ပြုလုပ်လိုသောရဟန်းတို့ ပြုလုပ်ရမည့်အချက်တို့တွင် နောက်ဆုံးနှစ်ချက်ကို ရေးပြီးလျှင် ဒါနကြောင့် ဖြဟ္မာပြည် ရောက်နိုင်/ မရောက်နိုင် အကြောင်းပြ, သုတ်အထောက်ပြကာ ဖြေဆိုပါ။

ဖြေ။ ၉။ ပဋ္ဌိသမ္ဘိဒါလေးပါးကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်ရန်ပြည့်စုံရမည့် အင်္ဂါတို့တွင်
ရှေ့ဆုံးအင်္ဂါသုံးချက်

ဤသဘောသည် ဌါစိတ်၏ တွန့်ဆုတ်သောသဘောတည်း' ဟု အဖြစ်မှန်သဘောအတိုင်း သိခြင်း၊ မိမိစိတ်သန္တာန်အစဉ်၌ တွန့်ဆုတ်ပျင်း ရှိသောစိတ်ကိုလည်း ဟုတ်တိုင်းမှန်စွာသိခြင်း။ ပြင်ပအာရုံကာမဂုဏ်တို့၌ ပျံ့လွင့်ပြေးလွှားနေသောစိတ် ကိုလည်း ဟုတ်တိုင်းမှန်စွာ သိခြင်း။( အံ၊ ၂။ ၄၂

<u>စိတ်ကို မိမိအလိုသို့လိုက်ပါလာအောင် ပြုလုပ်လိုသောရဟန်းတို့ ပြုလုပ်ရမည့်အချက်တို့တွင် နောက်ဆုံး နှစ်ချက်</u>

စျာန်သမာဓိ၏ ကျက်စားရာ၌ ကျွမ်းကျင်ခြင်း၊ အောက်အောက်စျာန်သမာဓိကို အထက်အထက်စျာန်သမာဓိအဆင့်သို့ ရောက်အောင် ပို့ဆောင်ခြင်း၌ ကျွမ်းကျင်ခြင်း။( အံ၊ ၂။ ၄၂၃)

(၃-မှတ်)

<u>ဒါနကြောင့် ဖြဟ္မာ့ပြည် ရောက်နိုင်/ မရောက်နိုင် အကြောင်းပြ, သုတ်အထောက်</u>

စိတ္တာလင်္ကာရစိတ္တပရိက္ခာရာဒါနကို ပေးလှူပြီး၍ ပထမစျာန်ဖြဟ္မာ့ဘုံသို့ရောက်၏ဟု သတ္တကနိပါတ် ဒါနမဟပ္ဖလသုတ်၌ ဟောသောကြောင့်။ ( အံ၊ ၂။ ၄၄၄)

(၄-

မေး။ ၁၀။ ပစ္စန္တိမနဂရ (အစွန်အဖျားကြသော မြို့ငယ်လေး) အတွက် လေးမျိုးသော အစာအာဟာရတို့ကို ဖော်ပြ၍ အရိယာသာဝက တို့အတွက် ဆေးနှင့်တူသောတရားကို ရေးသားပြီးလျှင် သတ္တကနိပါတ် ဘာဝနာသုတ်လာ နောက်ဆုံးပြဆိုတော်မူသော ဥပမာစကားရပ်ကိုလည်း ရေးပါ။

ဖြေ။ ၁၀။ <u>ပစ္စန္တိမ နဂရ (အစွန်အဖျားကြသော မြို့ငယ်လေး) အတွက် လေးမျိုးသော အစာအာဟာရများ-</u>

၁။ များစွာသော မြက်ထင်းရေ၊ ၂။ များစွာသော သလေးစပါးနှင့် မုယောစပါး၊ ၃။ များစွာသော နှမ်း ပဲနောက် မတ်ပဲ နှင့် ထိုမှကြွင်းသမျှအားလုံး။ ၄။ များစွာသော ဆေး။ ( အံ၊ ၂။ ၄၇၉)(၄-မှတ်

အရိယာသာဝကတို့အတွက် ဆေးနှင့်တူသော တရားစတုတ္ထစျာန်ဖြစ်ပါသည်။ ( အံ၊ ၂။ ၄၈၂)

(၂-မှတ်)

<u>သတ္တကနိပါတ် ဘာဝနာသုတ်လာ နောက်ဆုံးပြဆိုတော်မူသော ဥပမာစကားရပ်</u>

ရဟန်းတို့ ဥပမာပြရလျှင်ကား ကြိမ်ဟူသောဖွဲ့နှောင်ကြိုးဖြင့် ဖွဲ့တုတ်ချည်နှောင်အပ်လျက် သမုဒ္ဒရာသို့ရွက်လွှင့်ကူးသွားသော လေကို ခြောက်လတို့ပတ်လုံး ရေ၌ အချိန်ကုန်လွန်စေပြီး၍ ဆောင်းရာသီအချိန်အခါ၌ ကြည်းကုန်၌ ထားအပ်လသော် လေနေပူတို့အစဉ်မပြတ် တိုက်ခတ်ထိစပ်အပ်ကုန်သော အကြင်ကြိမ်အနှောင်တို့သည်ရှိကုန်၏။ ထိုကြိမ်အနှောင်တို့သည် ရွာသွန်းသော မိုးရေဖြင့် စိုစွတ်သည် ဖြစ်၍ အခက်အခဲမရှိသောအားဖြင့်သာလျှင် လျော့လျည်းကုန်၏၊ ပုတ်ဆွေးကုန်သည် ဖြစ်ကုန်၏။ ( အံ၊ ၂။ ၄၉၄)

(၄-မှတ်)

ရန်ကုန်မြို့
ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ

## ပဥ္စက ဆက္က သတ္တကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၈ - ရက်၊ (၂၁ - ၆ - ၂၀၂၂) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ စင်္ကြံလျှောက်ခြင်းကြောင့် ရနိုင်သောအကျိုးတို့ကို ဖော်ပြ၍၊ သတ္တလောက၌ ရနိုင်ခဲသောအရာ (၅)မျိုးကိုလည်း 'ဣဋ္ဌသုတ်'နှင့်အညီ ဖြေဆိုပါ။

၂။ အမြိုက်နိဗ္ဗာန်၌ သက်ဝင်ရသည်အထိ ကောင်းကျိုးတရားကို လိုလားသူတို့ မိမိသန္တာန်၌ ဖြစ်ပွားစေရမည့် သညာတို့ကို 'ပဌမသညာ'သုတ်နှင့်အညီ ဖြေဆို၍၊ အဘယ်ရဟန်းကို 'တရားဖြင့် နေလေ့ရှိသောရဟန်း'ဟု ခေါ်ဆိုရပါသနည်း? ဒုတိယဓမ္မဝိဟာရီသုတ်နှင့်အညီ ဖော်ပြပါ။

၃။ သက်တမ်းတိုတောင်းလာသောကာလမျိုးဝယ် အသက်ရှည်ရှည်နေလိုသူတို့ လိုက်နာပြု ကျင့်ရမည့် နည်းလမ်းတို့ကို ဖြေဆို၍၊ ကွယ်လွန်သည်၏အခြားမဲ့၌ အပါယ်ငရဲရောက်စေနိုင်သော ဗျသန (ပျက်စီးခြင်း)တို့ကိုလည်း ဖြေဆိုပါ။

၄။ ကာရဏပါလီပုဏ္ဏား ကျူးရင့်သောဥဒါန်းကို ဖြေဆို၍၊ သည်းခံခြင်းကြောင့် ရနိုင်သော အကျိုးကျေးဇူးတို့ကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။

၅။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ဆင်ခြင်အောက်မေ့နေချိန်ဝယ် မဖြစ်သောစိတ်တို့ကို ဖော်ပြ၍၊ အာသဝတရားတို့၏ ကုန်ခန်းကြောင်းအရဟတ္တဖိုလ်အကျိုးငှာ ထက်သန်စွာ မရဏဿတိဘာဝနာကို ပွားများနေကြသောရဟန်းတို့ကိုလည်း ဖော်ပြပါ။

၆။ အကျိုးတရားကြီးမားသော ဒါနကုသိုလ်ဖြစ်ရန်အတွက် အလှူပေးပုဂ္ဂိုလ်, အလှူခံပုဂ္ဂိုလ်တို့ ပြည့်စုံရမည့်အင်္ဂါရပ်တို့ကို ခွဲခြားဖြေဆို၍၊ ရဟန်းတော်တို့၏ အားကိုးရာနှင့် နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ကိုလည်း ဖော်ပြပါ။

၇။ ကံတို့၏ မတူထူးခြားကွဲပြားပုံကို ဖော်ပြ၍၊ နိဗ္ဗာန်ကို ချမ်းသာဟူ၍ရှုမြင်သောရဟန်း၏ အကျိုးဆက် ရလာဘ်တို့ကိုလည်း ဖြေဆိုပါ။

၈။ မီး, ရေစသောရန်သူတို့နှင့် မဆက်သွယ်သောဥစ္စာတို့ကို ဖော်ပြ၍၊ ပုဂ္ဂလသုတ်လာ အာဟုနေယျစသော ဂုဏ်တို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့တွင် နောက်ဆုံးပုဂ္ဂိုလ်(၃)ယောက်ကိုသာ ဖော်ပြပါ။

၉။ မှီဝဲပေါင်းသင်းထိုက်သော မိတ်ဆွေကောင်း၏ အင်္ဂါရပ်တို့ကို ပဌမမိတ္တသုတ်နှင့်အညီ ဖြေဆို၍၊ မိဘနှစ်ပါးကို ပူဇော်ခံထိုက်သောပုဂ္ဂိုလ်မီးဟူ၍ အဘယ့်ကြောင့် ခေါ်ဆိုရပါသနည်း? ဖြေဆိုပါ။

၁၀။ မေတ္တာသုတ်လာ 'ရတနာ' (၇)ဖြာကို ရေတွက်ပြ၍၊ ထောင်လွှားမှုမာနကို ပယ်သတ်နိုင်ရန် မိမိသန္တာန်၌ ဖြစ်စေရမည့် တရားတော်တို့ကိုလည်း သင်္ချာမျှဖော်ပြပါ။

**တစ်ပုဒ်စာလျှင် (၁၀)မှတ်စီ**

**၁၃၈၄၊ ၂၀၂၂ ခုနှစ်**
**ပိဋကသုံးပုံပါဠိတော် မြန်မာပြန် စာမေးပွဲ**
**အုပ်စု(၅) ပဌက ဆတ္တ သတ္တကနိပါတပါဠိတော်မေးခွန်း အဖြေ**

---

၁။ စကြံလျှောက်ခြင်းကြောင့် ရနိုင်သောအကျိုးတို့ကို ဖော်ပြ၍၊ သတ္တလောက၌ ရနိုင်ခဲသောအရာ (၅)မျိုးကိုလည်း 'ဣဋ္ဌသုတ်'နှင့်အညီ ဖြေဆိုပါ။

၁-အဖြေ

**စကြံလျှောက်ခြင်းကြောင့် ရနိုင်သောအကျိုးတို့မှာ–**

(၁) အဝွန့်ရှည်လျားခရီးသွားလသော် ခံနိုင်ရည်ရှိခြင်း။
(၂) လုံ့လကြိုးကုတ်အားထုတ်လသော် ခံနိုင်ရည်ရှိခြင်း။
(၃) နည်းသောအနာရောဂါရှိခြင်း/အနာရောဂါမရှိခြင်း။
(၄) စားအပ်ပြီးသောအစာသည်လည်းကောင်း သောက်အပ်ပြီးသောအစာသည်လည်းကောင်း ခဲအပ်ပြီးသော အစာသည်လည်းကောင်း လျက်အပ်ပြီးသောအစာသည်လည်းကောင်း ကောင်းစွာ ကျေကျက်ခြင်းသို့ ရောက်ခြင်း။
(၅) စကြံသွားခြင်းကြောင့် ရအပ်သောသမာဓိသည် ကြာမြင့်စွာတည်တန့်မှုရှိခြင်းတို့ ဖြစ်ပါသည်။
(၅)မှတ်(အံ-၂/၂၄)

**သတ္တလောက၌ ရနိုင်ခဲသောအရာ(၅)မျိုးမှာ–**

| | |
|---|---|
| အသက်/အသက်ရှည်ခြင်း | ကိုယ်အဆင်း |
| ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း။ | အခြံအရံ။ |
| နတ်ပြည်တို့ဖြစ်ပါသည်။ | (၅)မှတ်(အံ-၂/၄၁) |

---

၂။ အမြိုက်နိဗ္ဗာန်၌ သက်ဝင်ရသည်အထိ ကောင်းကျိုးတရားကို လိုလားသူတို့ မိမိသန္တာန်၌ ဖြစ်ပွားစေရမည့် သညာတို့ကို 'ပဌမသညာ'သုတ်နှင့်အညီ ဖြေဆို၍၊ အဘယ်ရဟန်းကို 'တရားဖြင့်နေလေ့ရှိသောရဟန်း'ဟု ခေါ်ဆိုရပါသနည်း?ဒုတိယဓမ္မဝိဟာရီသုတ်နှင့်အညီ ဖော်ပြပါ။

၂။ **မိမိသန္တာန်၌ ဖြစ် ပွားစေရမည့်သညာတို့မှာ**

မတင့်တယ်ဟု ရှုမှတ်သောသညာ။
သေခြင်းသဘောကို အာရုံပြုရှုမှတ်သောသညာ။
ရုပ်နာမ်တရားတို့၏ အပြစ်ကို ရှုမှတ်တတ်သောသညာ။
အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟု ရှုမှတ်သောသညာ။
အားလုံးသောလောက၌ မမွေ့လျော်ခြင်းသဘောအားဖြင့် ရှုမှတ်သောသညာတို့ ဖြစ်ပါသည်။
(၅)မှတ် (အံ-၂/၇၀)

**တရားဖြင့် နေလေ့ရှိသောရဟန်းဟူသည်–**

ဤသာသနာတော်၌ ရဟန်းသည်ပရိယတ်တရားကိုသင်ယူ၏၊ သုတ်ကိုလည်းကောင်း ဂေယျကိုလည်းကောင်း ဝေယျာကရဏကိုလည်းကောင်း ဂါထာကိုလည်းကောင်း ဥဒါန်းကို လည်းကောင်း ဣတိဝုတ်ကိုလည်းကောင်း ဇာတ်ကိုလည်းကောင်း အဗ္ဘုတဓမ္မကိုလည်း ကောင်း ဝေဒလ္လကိုလည်းကောင်း သင်ယူ၏၊ ထိုသင်ယူမှုထက်ပိုလွန်၍ကား ထိုပရိယတ် တရား၏အနက်သဘောကိုပညာဖြင့်သိ၏၊ ထိုရဟန်းကို 'တရားဖြင့်နေလေ့ရှိသော ရဟန်း' ဟု ခေါ်ဆိုရပါသည်။ (၅)မှတ် (အံ-၂/၇၈)

---

၃။ သက်တမ်းတိုတောင်းလာသောကာလမျိုးဝယ် အသက်ရှည်ရှည်နေလိုသူတို့ လိုက်နာပြု ကျင့်ရမည့်နည်းလမ်းတို့ကို ဖြေဆို၍၊ ကွယ်လွန်သည်၏အခြားမဲ့၌ အပါယ်ငရဲရောက်စေနိုင်သော ဗျသန(ပျက်စီးခြင်း)တို့ကိုလည်း ဖြေဆိုပါ။

၃-အဖြေ

**အသက်ရှည်ရှည်နေလိုသူတို့ လိုက်နာပြု ကျင့်ရမည့်နည်းလမ်းတို့မှာ–**

လျောက်ပတ်သင့်မြတ်သောအမှုကို ပြုလေ့ရှိခြင်း။

လျောက်ပတ်သောအမှု၌ အတိုင်းအတာပမာဏကို သိခြင်း။

ကျေကျက်စေနိုင်သော အစာကိုစားလေ့ရှိခြင်း။

အချိန်အခါ၌ သွားလာလှုပ်လည်လေ့ရှိခြင်း။

မြတ်သောမေထုန်ရှောင်ကြဉ်မှုအကျင့်ကို ကျင့်လေ့ရှိခြင်း။

သီလရှိခြင်း။

မိတ်ဆွေကောင်းရှိခြင်းတို့ဖြစ်ပါသည်။ (၇)မှတ်(အံ-၂/၁၂၈)

**ကွယ်လွန်သည်၏အခြားမဲ့၌ အပါယ်ငရဲရောက်စေနိုင်သော ဗျသန–ပျက်စီးခြင်းတို့မှာ**

သီလပျက်စီးခြင်း။

သမ္မာဒိဋ္ဌိကို ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိ-တို့ဖြစ်ပါသည်။ (၃)မှတ် (အံ-၂/၁၃၀)

---

၄။ ကာရဏပါလီပုဏ္ဏား ကျူးရင့်သောဥဒါန်းကို ဖြေဆို၍၊ သည်းခံခြင်းကြောင့် ရနိုင်သော အကျိုးကျေးဇူးတို့ကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။

၄-အဖြေ

**ကာရဏပါလီပုဏ္ဏား ကျူးရင့်သောဥဒါန်းမှာ–**

ကိလေသာတို့မှဝေးကွာတော်မူ၍ လူမင်းနတ်မင်းဗြဟ္မာမင်းတို့၏ ဝပ်စင်းဦးခိုက်ပူဇော်အထူး ကို ခံယူတော်မူထိုက်သော အမှားမပါမှန်စွာပိုင်နိုင် ကိုယ်တိုင်စထွင် ကုန်စင်ခပင်း ကျန်ကြွင်း မရှိ သိမြင်တော်မူသော ဘုန်းတော်ကြီးမားထိုမြတ်စွာဘုရားအား ကျွန်ုပ်၏ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

(၃)မှတ်(အံ-၂/၂၀၈)

**သည်းခံခြင်းကြောင့်ရနိုင်သော အကျိုးကျေးဇူးတို့မှာ–**

များစွာသောလူအပေါင်း၏ချစ်ခင်မှုကို ခံရခြင်း။ များသော ရန်မရှိခြင်း။

များသောအပြစ်မရှိခြင်း။ မတွေမဝေသေရခြင်း။

သေပြီးနောက် ကောင်းသောနတ်ပြည်သို့ ရောက်ရခြင်း။ မကြမ်းကြုတ်ခြင်း။

မိမိပြစ်မှုအစွဲပြုကာ ဖောက်ပြန်စွာ တွေးတောပူပန်မှုမရှိခြင်းတို့ ဖြစ်ပါသည်။ (၇)မှတ်(အံ-၂/၂၂၂-၃)

---

၅။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ဆင်ခြင်အောက်မေ့နေချိန်ဝယ် မဖြစ်သောစိတ်တို့ကို ဖော်ပြ၍၊ အာသဝတရားတို့၏ ကုန်ခမ်းကြောင်းအရဟတ္တဖိုလ်အကျိုးငှာ ထက်သန်စွာ မရဏဿတိဘာဝနာကို ပွားများနေကြသောရဟန်းတို့ကိုလည်း ဖော်ပြပါ။

၅-အဖြေ **မြတ်စွာဘုရား၏ဂုဏ်တော်ကို ဆင်ခြင်အောင့်မေ့နေချိန်ဝယ် မဖြစ်သောစိတ်တို့မှာ–**

ရာဂသည် ထကြွလွှမ်းမိုး အုပ်စိုးတည်နေအပ်သောစိတ်သည် မဖြစ်ခြင်း။
ဒေါသည် ထကြွလွှမ်းမိုး အုပ်စိုးတည်နေအပ်သောစိတ်သည် မဖြစ်ခြင်း။
မောဟသည် ထကြွလွှမ်းမိုး အုပ်စိုးတည်နေအပ်သောစိတ်သည် မဖြစ်ခြင်းတို့ဖြစ်ပါသည်။

(၆)မှတ်(အံ-၂/၂၅၂)

**ထက်သန်စွာမရဏဿတိ ဘာဝနာကို ပွားများနေကြသောရဟန်းတို့မှာ–**

ငါသည် အကြင်အခိုက်အတန့်မျှကာလပတ်လုံး တစ်လုတ်သောဆွမ်းကို ဝါး၍မျိုချ၏ ထို ဆွမ်း တစ်လုတ် ဝါမျိုးရာ အခိုက်အတန့်ခဏမျှသော ကာလကြာရုံပင် အသက်ရှည်ပါမူကား သြော် ကောင်းလေစွ၊ ထို ဆွမ်းတစ်လုတ်ဝါးမျိုးရာ အခိုက်အတန့်မျှကာလအတွင်း၌ မြတ်စွာဘုရား၏ အဆုံးအမကို စိတ်နှလုံး၌ သွင်းပိုက်ထားရပါမူကား ငါသည် အမှန်တကယ်ပင် မိမိ၏ စီးပွားဖြစ်သော ရဟန်းကိစ္စကို များစွာပြုကျင့် အားထုတ်အပ်သည် ဖြစ်ရာ၏၊ ဤသို့ မရဏဿတိဘာဝနာဖြစ်ပွားစေသောရဟန်း။

ငါသည် အကြင်အခိုက်အတန့်မျှကာလပတ်လုံးဝင်သက်လေကို ရှူသွင်းပြီး၍သော်လည်း ထွက်သက် လေကို ထုတ်၏၊ ထွက်သက်လေကို ထုတ်ပြီး၍သော်လည်း ဝင်သက်လေကို ရှူသွင်း၏ ထိုနှာခေါင်းလေ တစ်ကြိမ်တစ်ခါ အသွင်းအထုတ်ပြုလုပ်ရာအခိုက်အတန့် ခဏမျှသောကာလကြာရုံပင် အသက်ရှည် ပါမူကား သြော်ကောင်းလေစွ၊ ထိုနှာခေါင်းလေ တစ်ကြိမ်တစ်ခါ အသွင်းအထုတ်ပြုလုပ်ရာအခိုက် အတန့် ခဏမျှသောကာလအတွင်း၌ မြတ်စွာဘုရား၏ အဆုံးအမကိုစိတ်နှလုံး၌ သွင်းပိုက်ထားရပါမူ ကား ငါသည် အမှန်တကယ်ပင် မိမိ၏ စီးပွားဖြစ်သော ရဟန်းကိစ္စကို များစွာပြုကျင့်အားထုတ်အပ်သည် ဖြစ်ရာ၏၊ ဤသို့ မရဏဿတိ ဘာဝနာဖြစ်ပွားစေသောရဟန်းတို့ ဖြစ်ပါသည်။

(၄)မှတ်(အံ-၂/၂၇၀)

---

၆။ အကျိုးတရားကြီးမားသော ဒါနကုသိုလ်ဖြစ်ရန်အတွက် အလှူပေးပုဂ္ဂိုလ်, အလှူခံပုဂ္ဂိုလ်တို့ ပြည့်စုံ ရမည့်အင်္ဂါရပ်တို့ကို ခွဲခြားဖြေဆို၍၊ ရဟန်းတော်တို့၏ အားကိုးရာနှင့် နောက်ဆုံးရည်မှန်းချက် ပန်းတိုင်ကိုလည်း ဖော်ပြပါ။

၆-အဖြေ **အလှူပေးပုဂ္ဂိုလ် ပြည့်စုံရမည့်အင်္ဂါ ရပ်တို့မှာ –**

လှူဒါန်းခြင်းကိစ္စမှ ရှေးဦးမဆွပုဗ္ဗစေတနာအခိုက်အတန့်၌ပင် နှစ်သက်ရွှင်လန်း ဝမ်းမြောက် သောစိတ်ရှိခြင်း။
စွန့်ကြဲပေးကမ်းလှူဒါန်းနေစဉ် စိတ်ကိုကြည်လင်ရွှင်ပြစေခြင်း။
လှူဒါန်းပြီး၍ နှစ်သက်ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိခြင်းတို့ဖြစ်ပါသည်။

**အလှူခံပုဂ္ဂိုလ်ပြည့်စုံရမည့်အင်္ဂါရပ်တို့မှာ–**

အလှူခံပုဂ္ဂိုလ်သည် ကင်းရှင်းသောရာဂရှိသောရဟန္တာပုဂ္ဂိုလ်ဖြစ်ခြင်း၊ရာဂကင်းရှင်းခြင်းငှာ ကျင့်နေသောပုဂ္ဂိုလ်ဖြစ်ခြင်း။
ကင်းရှင်းသော ဒေါသရှိသော ရဟန္တာဖြစ်ခြင်း၊ ဒေါသကင်းရှင်းခြင်းငှာ ကျင့်နေသောပုဂ္ဂိုလ် ဖြစ်ခြင်း။
ကင်းရှင်းသော မောဟရှိသော ရဟန္တာဖြစ်ခြင်း၊ မောဟကင်းရှင်းခြင်းငှာ ကျင့်နေသောပုဂ္ဂိုလ် ဖြစ်ခြင်းတို့ဖြစ်ပါသည်။ (၆)မှတ်(အံ-၂/၂၉၂)

**ရဟန်းတော်တို့၏အားကိုးရာကား–** သီလဖြစ်ပါသည်။
**နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ကား–** နိဗ္ဗာန်ဖြစ်ပါသည်။ (၂)မှတ်စီ (အံ-၂/၃၁၉)

၇။ ကံတို့၏ မတူထူးခြားကွဲပြားပုံကို ဖော်ပြ၍၊ နိဗ္ဗာန်ကို ချမ်းသာဟူ၍ရှုမြင်သောရဟန်း၏ အကျိုးဆက် ရလာဘ်တို့ကိုလည်း ဖြေဆိုပါ။

၇-အဖြေ

**ကံတို့၏ မတူထူးခြားကွဲပြားပုံမှာ–**

ငရဲ၌ခံစားအပ်သော အကျိုးရှိသော အကုသိုလ်ကံ။

တိရစ္ဆာန်ဘဝ၌ ခံစားအပ်သော အကျိုးရှိသောအကုသိုလ်ကံ။

ပြိတ္တာအပေါင်း၏ဖြစ်ရာဘဝ၌ ခံစားအပ်သောအကျိုးရှိသောအကုသိုလ်ကံ။

လူ့ပြည်လူ့ဘဝ၌ ခံစားအပ်သော အကျိုးရှိသော ကုသိုလ်ကံ။

နတ်ပြည်နတ်ဘဝ၌ ခံစားအပ်သောအကျိုးရှိသော ကုသိုလ်ကံ။ (၅)မှတ်(အံ-၂/၃၆၃)

**နိဗ္ဗာန်ကို ချမ်းသာဟူ၍ရှုမြင်သောရဟန်း၏ အကျိုးဆက်ရလာဘ်တို့ကား–**

သာသနာတော်အားလျော်သော အလိုအကြိုက်အယူအဆနှင့်ပြည့်စုံခြင်း။

မှန်ကန်သောသဘောရှိသော အရိယမဂ်တည်းဟူသောနိယာမတရားသို့ သက်ရောက်နိုင်ခြင်း။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်း။

သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်း။

အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်း။

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်းတို့ဖြစ်ပါသည်။ (၅)မှတ် (အံ-၂/၃၈၅)

---

၈။ မီး, ရေစသောရန်သူတို့နှင့် မဆက်သွယ်သောဥစ္စာတို့ကို ဖော်ပြ၍၊ ပုဂ္ဂလသုတ်လာ အာဟုနေယျ စသော ဂုဏ်တို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့တွင် နောက်ဆုံးပုဂ္ဂိုလ်(၃)ယောက်ကိုသာ ဖော်ပြပါ။

၈-အဖြေ

**မီး, ရေစသောရန်သူတို့နှင့် မဆက်သွယ်သောဥစ္စာတို့မှာ–**

ယုံကြည် ကြည်ညိုခြင်းဟူသောဥစ္စာ။ သီလဟူသောဥစ္စာ။

ရှက်ခြင်း စက်ဆုပ်ခြင်းဟူသောဥစ္စာ။ ကြောက်လန့်ခြင်းဟူသောဥစ္စာ။

ကြားနာ သင်မှတ်ထားအပ်သောတရားတည်းဟူသောဥစ္စာ။

စွန့်ကြဲမှုကုသိုလ်ဟူသောဥစ္စာ။ ပညာဟူသောဥစ္စာတို့ ဖြစ်ပါသည်။

(၇)မှတ် (အံ-၂/၄၀၀)

**အာဟုနေယျစသောဂုဏ်တို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့တွင်နောက်ဆုံးပုဂ္ဂိုလ်(၃)ယောက်မှာ–**

သဒ္ဓါတရားသက်သက်ဖြင့်သာ ကိလေသာတို့မှလွတ်မြောက်သောသဒ္ဓါဝိမုတ္တပုဂ္ဂိုလ်။

ပထမမဂ်ပညာတရားသို့ အစဉ်လိုက်သော သောတာပတ္တိမဂ်ပုဂ္ဂိုလ်။

ပထမမဂသဒ္ဓါသို့ အစဉ်လိုက်သော သောတာပတ္တိမဂ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ (၃)မှတ်(အံ-၂/၄၀၃)

---

၉။ မှီဝဲပေါင်းသင်းထိုက်သော မိတ်ဆွေကောင်း၏ အင်္ဂါရပ်တို့ကို ပဌမမိတ္တသုတ်နှင့်အညီ ဖြေဆို၍၊ မိဘနှစ်ပါးကို ပူဇော်ခံထိုက်သောပုဂ္ဂိုလ်မီးဟူ၍ အဘယ့်ကြောင့် ခေါ်ဆိုရပါသနည်း? ဖြေဆိုပါ။

၉-အဖြေ

**ပထမမိတ္တသုတ်လာ မှီဝဲပေါင်းသင်းထိုက်သောမိတ်ဆွေကောင်း၏အင်္ဂါရပ်တို့မှာ–**

ပေးစွန့်နိုင်ခဲသောအဖိုးတန်ပစ္စည်းဥစ္စာဘဏ္ဍာကို ပေးစွန့်ခြင်း။
ခက်ခဲစွာပြုလုပ်အပ်သော လုပ်ငန်းကိစ္စကို ပြုလုပ်ပေးခြင်း။
သည်းခံနိုင်ခဲသောအရာကို သည်းခံခြင်း။
မိမိ၏ လျှို့ဝှက်ချက်ကို ထိုမိမိမိတ်ဆွေအား ဖွင့်ဖော်ပြောပြခြင်း။
ထိုမိမိမိတ်ဆွေ၏ လျှို့ဝှက်ပြောဆိုအပ်သောအကြောင်းအရာကို လျှို့ဝှက်ဖုံးအုပ်ထားခြင်း။
ဘေးအန္တရာယ် ကြုံတွေ့ရာအခါတို့၌ စွန့်ပစ်မထားခဲ့ခြင်း။
မိမိမိတ်ဆွေ၏ စီးပွားဥစ္စာကုန်ခမ်းခြင်းကြောင့် မိမိမိတ်ဆွေကို အထင်သေးပြား မောက်ကြွား မှုမပြုခြင်းတို့ ဖြစ်ပါသည်။ (၇)မှတ်(အံ-၂/၄၂၁)

မိဘနှစ်ပါးမှ သားသမီးသည် မသေမပျောက်ရောက်လာခြင်း၊ချမ်းသာစွာဖြစ်ပေါ်လာခြင်း ကြောင့် မိဘနှစ်ပါးကို ပူဇော်ခံထိုက်သော ပုဂ္ဂိုလ်မီးဟူ၍ခေါ်ဆိုရပါသည်။ (၃)မှတ် (အံ-၂/၄၃၂)

---

၁၀။ မေတ္တသုတ်လာ 'ရတနာ' (၇)ဖြာကို ရေတွက်ပြ၍၊ ထောင်လွှားမှုမာနကို ပယ်သတ်နိုင်ရန် မိမိသန္တာန်၌ ဖြစ်စေရမည့် တရားတော်တို့ကိုလည်း သချာမျှဖော်ပြပါ။

၁၀-အဖြေ

**မေတ္တသုတ်လာ ရတနာ(၇)ဖြာကား–**

| | | |
|---|---|---|
| စကြာယာဉ်ပုံ့ရတနာ | ဆင်ပုံ့ရတနာ | မြင်းပုံ့ရတနာ။ |
| ပတ္တမြားရတနာ | မိဖုရားရတနာ | သူကြွယ်ရတနာ။ |

ရှေ့ဆောင်ဦးစီး သားကြီးရတနာတို့ ဖြစ်ပါသည်။ (၇)မှတ်(အံ-၂/၄၆၅)

**ထောင်လွှားမှုမာနကို ပယ်သတ်နိုင်ရန် မိမိသန္တာန်၌ဖြစ်စေရမည့် တရားတော်တို့ကား–**

(၂၁)ပါးဖြစ်ပါသည်။ (၃)မှတ်(အံ-၂/၅၁၂/၅၁၃)

---

# ရှေ့သို့တက်

အမှောင်ဟူသည်၊ အလင်းဆီသို့၊
ချီတက်ဖို့ရာ၊ တွန်းအားသာတည်း။

အရှုံးဟူသည်၊ အနိုင်ဆီသို့၊
ချီတက်ဖို့ရာ၊ တွန်းအားသာတည်း။

ခက်ခဲဟူသည်၊ ပန်းတိုင်ဆီသို့၊
ချီတက်ဖို့ရာ၊ တွန်းအားသာတည်း။

အမှောင်ကိုမုန်း၊ အရှုံးကိုကြောက်၊
လက်မြှောက်ခက်ခဲ၊ ငါမလဲဘူး၊
မှောင်ထဲရှေ့ဆက်၊ ရှုံးချက်ရုန်းကန်၊
တွန်းလှန်ခက်ခဲ၊ သည်တိုက်ပွဲကို၊
ရိုက်ခွဲ ရှေ့သို့ ချီတက်မည်။ ။

အရှင်သီလာနန္ဒာဘိဝံသ (မြစကြာ)